www.burmeseclassic.com

စံလှ-စာပေ

# ဆင်ခြင်မှတ်သား
# မြန်မာစကားပုံများ

နေဘုန်းဝေ



www.burmeseclassic.com

www.burmeseclassic.com



ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
★ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

စီးပွားရေးဦးတည်ချက် (၄)ရပ်

★ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
★ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

လူမှုရေးဦးတည်ချက် (၄)ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
★ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

နေဘုန်းဝေ

ဆင့်ခြင်မှတ်သား

# မြန်မာစကားပုံများ



www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ်
၄၀၀၂၉၅၀၃၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၄၀၀၆၉၇၀၇၀၉

ပုံနှိပ်မှတ်တမ်း

၂၀၁၀၊ ဩဂုတ်၊ စက်တင်ဘာ
ပထမအကြိမ်
တန်ဖိုး 1500
ကွန်ပျူတာစာစီ–မြစေ့ရွှေစင်ကွန်ပျူတာ

ထုတ်ဝေသူ

စံလှစာပေ၊ ဒေါ်မြမြကြွေ (၀၁၃၆၄)
အမှတ် ၁၈၀၊ ၂၉ လမ်း၊ ရန်ကုန်။

ပုံနှိပ်သူ

ဒေါ်မြမြကြွေ (၈၃၃၇၉)
ပင်မြင့်မာလာပုံနှိပ်တိုက်၊ အမှတ် ၂၄၊ တာဝတိံသာလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖြန့်ချိရေး

စံလှစာပေ
အမှတ် ၁၈၀၊ ၂၉လမ်း၊ ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း–၀၁–၂၄၆၆၂၁

## မာတိကာ

| | |
|---|---|
| ၁။ အမှာစာ | ၇ |
| ၂။ က–စကားပုံများ(၁၆) | ၁၁–၂၆ |
| ၃။ ခ–စကားပုံများ(၁၃) | ၂၇–၃၉ |
| ၄။ ဂ–စကားပုံများ(၂) | ၄၀–၄၁ |
| ၅။ င–စကားပုံများ(၁၁) | ၄၂–၅၂ |
| ၆။ စ–စကားပုံများ(၉) | ၅၃–၆၁ |
| ၇။ ဆ–စကားပုံများ(၁၆) | ၆၂–၇၇ |
| ၈။ ဇ–စကားပုံများ(၄) | ၇၈–၈၁ |
| ၉။ ဈ–စကားပုံများ(၂) | ၈၂–၈၃ |
| ၁၀။ ည–စကားပုံများ(၂) | ၈၄–၈၅ |
| ၁၁။ တ–စကားပုံများ(၅) | ၈၆–၉၀ |
| ၁၂။ ထ–စကားပုံများ(၇) | ၉၁–၉၇ |
| ၁၃။ ဒ–စကားပုံများ(၄) | ၉၈–၁၀၁ |
| ၁၄။ ဓ–စကားပုံများ(၃) | ၁၀၂–၁၀၄ |
| ၁၅။ န–စကားပုံများ(၆) | ၁၀၅–၁၁၀ |
| ၁၆။ ပ–စကားပုံများ(၈) | ၁၁၁–၁၁၈ |

www.burmeseclassic.com




၁၇။ ဖ-စကားပုံများ(၂) ၁၁၉-၁၂၀
၁၈။ ဗ-စကားပုံများ(၁) ၁၂၁
၁၉။ ဘ-စကားပုံများ(၄) ၁၂၂-၁၂၅
၂၀။ မ-စကားပုံများ(၉) ၁၂၆-၁၃၄
၂၁။ ယ-စကားပုံများ(၂) ၁၃၅-၁၃၆
၂၂။ ရ-စကားပုံများ(၄) ၁၃၇-၁၄၀
၂၃။ လ-စကားပုံများ(၄) ၁၄၁-၁၄၄
၂၄။ ဝ-စကားပုံများ(၃) ၁၄၅-၁၄၇
၂၅။ သ-စကားပုံများ(၆) ၁၄၈-၁၅၃
၂၆။ ဟ-စကားပုံများ(၂) ၁၅၄-၁၅၅
၂၇။ အ-စကားပုံများ(၅) ၁၅၆-၁၆၀
၂၈။ ကျမ်းကိုးစာရင်း ၁၆၁
၂၉။ စကားကြီးဆယ်မျိုး ၁၆၂
၃၀။ ဖျက်စု၊ ခက်စု၊ ခဲစု စကားပုံများ ၁၆၇
၃၁။ ဖိုးသူတော်ဦးနု၏ စကားပုံများ ၁၇၁
၃၂။ အသုံးများသော စကားပုံများ ၁၇၅


## အမှာစာ

"စကား" သည် လူသားအချင်းချင်း ဆက်သွယ်ဆက်ဆံရာတွင် အဓိကလက်နက်ဖြစ်ပါသည်။ စာပေသည်လည်း ဆက်သွယ်ရေးလက်နက်ဖြစ်သည်ဆိုသော်လည်း စကားလောက် တိုက်ရိုက်ဆက်ဆံမှု မရှိနိုင်ပါ။

လူသားတစ်ဦးသည် သိတတ်သည့်အရွယ်က သေအထိ စကားဖြင့်သာ ပတ်ဝန်းကျင်နှင့် ဆက်သွယ်နေရသည်။ စကားပြောဆိုရာတွင် မိမိသိမြင်ခံစားမှုကို တစ်ဖက်လူ နားလည်အောင် နည်းမျိုးစုံနှင့် ဖော်ပြခြင်းပင်ဖြစ်ပါသည်။ ဤသို့နားလည်အောင် နည်းမျိုးစုံနှင့်သုံးရာတွင် ဥပမာဥပမေယျ စကားပုံတို့ကို အလျှင်းသင့်သလို သုံးစွဲခြင်းဖြင့် ပိုမိုထိရောက်မှုရှိသည်ကို သိရပါသည်။

ထို့ကြောင့် ပညာရှိများက 'ဥပမာယမိဓေကစ္စေ အတ္ထံ ဇာနန္တိ ပဏ္ဍိတာ' ဟု ဆိုခဲ့မိန့်ခဲ့ခြင်းပင် ဖြစ်ပေမည်။ တရားဟောရာတွင်လည်းကောင်း၊ စကားပြောရာတွင်လည်းကောင်း ဥပမာ ဥပမေယျစကားပုံ၊ ပုံပြင်တို့ကို ဖြည့်စွက်သုံးစွဲရမည်ဟု လမ်းညွှန်ခဲ့ကြခြင်းပင် ဖြစ်ပေမည်။

စံလှစာပေ

www.burmeseclassic.com

www.burmeseclassic.com



စကားပုံဆိုသည်မှာ ရှေးသူဟောင်းတို့၏ သူ့ခေတ်သူ့အမြင်အတွက် အဆိုအမိန့်လမ်းညွှန်ချက်များပင်ဖြစ်ပါသည်။ စကားပုံများသည် ခေတ်၏ကြေးမုံပြင်လည်း ဖြစ်သည်။ ခေတ်၏စရိုက်၊ ဓလေ့၊ ဘဝအမြင်ပေါ်တွင် ထင်ဟပ်လာသည့် ပုံရိပ်များပင် ဖြစ်သည်။ တစ်ချိန်က လက်သုံးစကား၊ ဆောင်ပုဒ်များသည် နှစ်ကြာလာသည့်အခါ စကားပုံဖြစ်လာသည်။ လူသားတို့ဘဝ ဆက်ဆံရေးသမိုင်း၏ လက်နက်ကောင်းဖြစ်လာကြရသည်။

ယနေ့ဆောင်ပုဒ်ဖြစ်သည့် 'စာအုပ်စာပေ လူ့မိတ်ဆွေ' 'ကျောင်းမှန်မှန်တက် စာမခက်' စသည့်တို့သည် နောင်းခေတ်လူငယ်တို့အတွက် လမ်းညွှန်မှုပေးမည့် စကားပုံကောင်းများဖြစ်လာပေမည်။ ယနေ့စာရေးသူတို့ခေတ်က လက်ဆင့်ကမ်းပေးရမည့် စကားပုံသစ်များပင်ဖြစ်မည်ဟု ဆိုနိုင်ပါသည်။

ရှေးခေတ် မြန်မာစကားပုံပေါင်း (၅၆၄၉)ခု ရှိသည်ဟု ဆိုပါသည်။ ဤသည်မှာလည်း လက်လှမ်းမီသမျှ စုဆောင်းထားသည့် စကားပုံများပင်ဖြစ်ပေမည်။ ၄င်းစကားပုံများထဲမှ လူသိများပြီး ခေတ်နှင့်စနစ်နှင့် လူငယ်အကျိုးပြုစကားပုံ (၁၅၀)ကို အဓိပ္ပာယ်ရှင်းပြပြီး သရုပ်ဖော်ပုံများဖြင့် ဖော်ပြပေးထားခြင်းပင် ဖြစ်ပါသည်။





သရုပ်ဖော်ပုံများကို ပီပြင်အောင် ရေးဆွဲပေးသည့် ကာတွန်းဦးမောင်မောင်အားလည်းကောင်း၊ အထားအသိုလှပအောင် ပြင်ဆင်ပေးသည့် ပုံနှိပ်စက်အဖွဲ့အားလည်းကောင်း ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်အပ်ပါသည်။

* * * * *

www.burmeseclassic.com



## ၁။ ကလေးရှက်တော့ငိုလူကြီးရှက်တော့ရယ်



ကလေးတို့သည် သဘာဝအားဖြင့် ဟန်ဆောင်မှုကင်းကြသည်။ အရှိကိုအရှိအတိုင်း ပြုမူဆောင်ရွက်တတ်ကြလေ့ရှိသည်။ ရှက်စရာတွေ့ဆုံလျှင်လည်း ပွင့်ပွင့်လင်းလင်းပင် ငိုချတတ်ကြသည်။ လူကြီးများကား ကလေးငယ်ကဲ့သို့ မဟုတ်။ ရှက်စရာကြုံလျှင် မငိုဘဲ အရယ်ဖြင့် ဖုံးတတ်ကြပါသည်။ လူကြီးဖြစ်လာလျှင် ပတ်ဝန်းကျင်ကို ဟန်ဆောင်မှုဖြင့်သာ ပြုမူတုံ့ပြန်တတ်ကြောင်းကို ဖော်ညွှန်းပြောဆိုလိုသည့်အခါ ဤစကားပုံကို သုံးတတ်ကြ၏။

* * *



www.burmeseclassic.com

www.burmeseclassic.com



## ၂။ ကုသိုလ်လည်းရ ဝမ်းလည်းဝ



လူသားတိုင်းသည် အသက်မွေးဝမ်းကျောင်းမှုအလုပ်ကို မလွဲမကင်းသာ လုပ်ဆောင်ကြရသည်ချည်းပင် ဖြစ်ပါသည်။ ဤသို့အလုပ်လုပ်ကြရာမှာ မိမိလုပ်ဆောင်သည့် အလုပ်သည် တစ်ပါးသူအား ထိခိုက်နစ်နာမှု မရှိရုံမက အကျိုးပြုမှုသာ ဖြစ်သည့်အလုပ်မျိုး လုပ်ရသည်ဖြစ်လျှင် ကုသိုလ်လည်း တစ်ဖက်ကရရှိသည်၊ တစ်ဖက်ကလည်း ဝမ်းရေးဝသည်။ ဤအလုပ်မျိုး လုပ်ရသည့်အခါ ဤစကားပုံကိုနှိုင်းနှိုင်းကြပါသည်။

* * *





## ၃။ ကံထမ်းလာသည်ကိုမမြင်ရ၊ လုံထမ်းလာသည်ကိုသာမြင်ရ



ကုသိုလ်ကံတရားသည် အလှည့်အပြောင်းများသည့် မမြင်ရသော အကြောင်းတရားတစ်မျိုးဖြစ်သည်။ ယနေ့ ဆင်းရဲနေသော်လည်း မနက်ဖြန်တွင် ချမ်းသာချင် ချမ်းသာလာနိုင်တတ်သည်။ ယနေ့ချမ်းသာနေရာမှ မနက်ဖြန် ကုန်းကောက်စရာမရှိအောင် ဆင်းရဲချင် ဆင်းရဲသွားနိုင်တတ်ပြန်ပါသည်။ ဤသို့ ကံကြမ္မာ၏အလှည့်အပတ်အပြောင်းအလဲကို ကြိုတင်အတပ်မပြောနိုင်သည့်အခါမျိုးတွင် ဤစကားပုံကို နှိုင်းနှိုင်းသုံးစွဲကြပါသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## ၄။ ကံယုံ၍ဆူးပုံမနင်းရာ



ဆူးပုံကိုနင်းလျှင် ဆူးစူးပေမည်။ ဤသည်ကိုသိပါလျက်နှင့် ကံကိုယုံကြည်အားကိုးပြီး ဆူးပုံကို နင်းမည်ဆိုလျှင် ဆူးစူးခံရပေမည် မုချဖြစ်ပါသည်။ ဤသို့သောအကြောင်းတရားကို လုပ်ဆောင်လျှင် ဤသို့သောအကျိုးတရားကို ရမည်ကို သိပါလျက်နှင့် ကံကိုအားကိုးပြီး မပြုလုပ်သင့်ကြောင်း ဆိုလိုရင်းဖြစ်ပါသည်။

* * *





## ၅။ ကောက်ညှင်းက မစေး ဆန်ကြမ်းက စေး



ကောက်ညှင်းသည် ဆန်ကြမ်းထက် သဘာဝအားဖြင့် ပို၍စေးပါသည်။ ဤသို့ဖြစ်ပါလျက်နှင့် ကောက်ညှင်းထက် ဆန်ကြမ်းကပိုစေးသည်ဟု သဘာဝကို ပြောင်းပြန်လှန်၍ ဖြစ်သင့်သည်က မဖြစ်ဘဲ မဖြစ်သင့်သည်တို့က ဖြစ်သည့်အခါမျိုးတွင် နှိုင်းနှိုင်းသုံးစွဲကြပါသည်။

* * *




www.burmeseclassic.com

www.burmeseclassic.com



## ၆။ ကိုယ့်ထမင်းကိုယ်စားပြီး ကြီးတော်နွားကျောင်းသည်



မိမိအတွက် အကျိုးတစ်စုံတစ်ရာ ခံစားခွင့်မရှိပါဘဲလျက် ကိုယ့်စရိတ်နှင့်ကိုယ် အကုန်ခံကာ သူတစ်ပါးအတွက် အပင်ပန်းခံ၍ လုပ်ပေးနေသည့်အခါမျိုးတွင် ဤစကားပုံကို နှိုင်းနှိုင်းသုံးစွဲကြပါသည်။

* * *





## ၇။ ကိုယ်ထင်လျှင် ခုတင်ရွှေနန်း



မိမိ၏စိတ်က နှစ်သက်သာယာနေပါက ခုတင်သည်ပင်လျှင် ရွှေနန်းတော်ကြီးတမျှ အထင်ရှိနေတတ်ပါသည်။ မိမိ၏စိတ်က နှစ်သက်လျှင် တန်ဖိုးမရှိသည့် အရာသည်ပင် အလွန်တန်ဖိုးရှိသည်ဟု အထင်ရှိကာ မြတ်နိုးခင်တွယ်နေတတ်သည်ကို ဖော်ညွှန်းဆိုလိုရင်း ဖြစ်ပါသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## ၈။ ကျားကြီး ခြေရာကြီး



ကျားကြီးလာလျှင် ကျား၏ခြေရာသည်လည်း သူ့အချိုးအဆအတိုင်း ကြီးမားလာရပေမည်ဖြစ်သည်။ ဤအတိုင်းပင် ရာထူး (သို့မဟုတ်) အောင်မြင်ချမ်းသာလာပါက ဝင်ငွေကောင်းလာပေမည်။ ဝင်ငွေများလာသည်နှင့်အမျှ သုံးငွေကလည်း ကြီးမားလာသဖြင့် မူလအတိုင်းပင် ဖြစ်သည်ဟုဆိုလိုရင်းဖြစ်ပါသည်။

* * *





## ၉။ ကျားမရှိက တစ်၊ လူမရှိက ဟစ်



ကျားတို့သည် ကြောက်ရွံ့သည့်အခါတွင် 'တိန်' 'တိန်' ဟု တစ်လေ့ရှိပါသည်။ အလားတူပင် လူတို့သည် ရဲစွမ်းသတ္တိမရှိသူတို့သည် 'သတ္တိရှိရင်ထွက်ခဲ့ကွ' စသည်ဖြင့် ဟစ်အော်ကြိမ်းမောင်းတတ်ကြလေ့ရှိပါသည်။ အမှန်မှာ ဤသို့ ဟစ်အော်နေသူသည် သတ္တိရှိသူ မဟုတ်နိုင်ပါ။ တကယ် သတ္တိရှိသူသည် ပါးစပ်ကမပြောဘဲ လက်ဖြင့် ပြုလုပ်လေ့ရှိပါသည်။ ပါးစပ်သေနတ်ပစ်လေ့ရှိသူကို ကြောက်ရန်မလိုဟု ဆိုလိုပါသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## ၁၀။ ကြာကြာဝါးမည့်သွား အရိုးကြည့်ရှောင်



လူသားတို့သည် သွားကို သေသည်အထိ အစာစားရာတွင် သုံးစွဲသွားရမည်ဖြစ်ပါသည်။ ဤသို့ တစ်သက်ပတ်လုံး အသုံးပြုရမည့်သွားကို ကောင်းစွာမစောင့်ထိန်းဘဲ အရိုးစသည့် မာကျောသည့် အစာတို့ကို ဝါးမိစားမိမည်ဆိုပါက ကျိုးပဲ့သွားနိုင်ပါသည်။ ထို့အတူ ကြာကြာလုပ်ကိုင်စားသောက်ရမည့် အလုပ်ကို ထိခိုက်စေမည့်အလုပ်၊ အပြုအမူမျိုးကို ရှောင်ရှားသင့်သည်ဟု ဆိုလိုရင်းဖြစ်ပါသည်။

* * *





## ၁၁။ ကြိုးစားက ဘုရားဖြစ်နိုင်သည်



ကြိုးစားမှုသည် လုပ်ငန်းအောင်မြင်ရန်အတွက် အရေးကြီးသော အပိုင်းက ပါဝင်နေပါသည်။ နည်းမှန်လမ်းမှန်နှင့် ကြိုးစားအားထုတ်ပါက လောကသုံးပါးတွင် အမြင့်မြတ်ဆုံး ဖြစ်တော်မူသည့် ဘုရားပင်ဖြစ်နိုင်ပါသည်။ မိမိ၏ ရည်မှန်းချက်ကို နည်းစနစ်မှန်မှန်နှင့် ကြိုးစားမည်ဆိုပါက ဧကန်မုချပင် အောင်မြင်နိုင်ကြောင်း လမ်းညွှန်ထားသည့် စကားပုံပင် ဖြစ်ပါသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## ၁၂။ ကျွဲပါးစောင်းတီး



ကျွဲ၏ အနီးအပါးတွင် စောင်းကိုအလွန်နားဝင်ချိုအောင် တီးခတ်ပြသော်လည်း ကျွဲသည် စောင်း၏ ဂီတသံစဉ်ကို နားလည်ခံစားနိုင်မည်မဟုတ်ပါ။ ထိုနည်းတူစွာပင် လူဆိုးလူမိုက်များကို လိမ္မာလာအောင် မည်သို့ပင် ဖွဲ့နွဲ့ပြောသော်လည်း နားဝင်မည်မဟုတ်ကြောင်း ဖော်ညွှန်းထားသည့် စကားပုံဖြစ်ပါသည်။

* * *





## ၁၃။ ကျွဲနှစ်ကောင်ခတ်သည့်ကြား မြေစာပင်မခံနိုင်



ကျွဲများသည် တစ်ကောင်နှင့်တစ်ကောင် ခတ်ကြရာမှာ ဦးချိုကို မြေပြင်နှင့်ထိလုနီးပါးအထိ သားကာ ခတ်တတ်ကြသည်။ ခွာကလည်း ရုပ်ကြသည်။ ဤသို့ခတ်ကြရာမှာ ကျွဲနှစ်ကောင်ကြားမှာရှိနေသည့် မြေစာမြက်ပင်ကိုသည် ၎င်းတို့ဒဏ်ကို မခံနိုင်ဘဲ ပျက်စီးခြင်းသို့ ရောက်ကြရပါသည်။

အင်အားကြီးသူ၊ အာဏာရှိသူတို့ မသင့်မတင့်ဖြစ်သော အခါ ကြားမှ မဆိုင်သည့် အာဏာမဲ့သူ ဆင်းရဲသူတို့သည် ထိခိုက်နစ်နာတတ်ကြောင်း ဆိုလိုပါသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## ၁၄။ ကြွေတစ်လက် ကြက်တစ်ခုန်



ဤစကားပုံသည် လောင်းကစားလောကမှ ဆင်းသက်လာသည့် စကားပုံဖြစ်ပေသည်။ ကြွေအန်ကစားရာတွင် တစ်လက်ကောင်းနှင့်လည်းကောင်း၊ ကြက်တိုက်ရာတွင် တစ်ခုန်နှင့်လည်းကောင်း အနိုင်ရရှိနိုင်သည်။ တစ်ချက်ကောင်း တစ်ကွက်ကောင်းနှင့် အောင်မြင်မှုရရှိနိုင်သည့်အခါတွင် ဤစကားပုံကို နှိုင်းနှိုင်းသုံးစွဲကြပါသည်။

* * *





## ၁၅။ ကွက်ကန်း ဆန်အိုးတိုး



အောင်မြင်မှုရရန် အလွန်တရာ အလားအလာနည်းသော အလုပ်တစ်ခုကို လုပ်ကိုင်ရာမှာ ကံကောင်းထောက်မ၍ အောင်မြင်မှုကို ရသည့်အခါမျိုးတွင် ဤစကားပုံကို နှိုင်းနှိုင်း သုံးစွဲကြလေ့ရှိပါသည်။ အမှန်တကယ်ကြိုးစားမှုထက် မတော်တဆ ရတောင့်ရခဲ အောင်မြင်မှုမျိုးကို ဆိုသိုပါသည်။

* * *




www.burmeseclassic.com

www.burmeseclassic.com



## ၁၆။ ကြွက်မနိုင် ကျိမ်းနှင့်ရို့



အချို့သောသူတို့သည် မိမိ အဓိက တိုက်ခိုက်ယှဉ်ပြိုင်ရမည့်သူကို မနိုင်ပါက ပတ်သက်ရာပတ်သက်ကြောင်း သူတို့ကို လိုက်၍ ဒုက္ခပေးတတ်ကြသည့်အခါမျိုးတွင် ဤစကားပုံကို နှိုင်းနှိုင်းသုံးနှုန်းတတ်ကြပါသည်။

* * *





## ၁၇။ ခလုတ်ထိမှ အမိဘ



လူသားတို့သည် မိခင်ကို အခါ မလပ် သတိရနေသည် မဟုတ်ကြပါ။ တစ်စုံတစ်ခုသော ပြဿနာ ဒုက္ခတို့နှင့် ရင်ဆိုင်တွေ့ကြသည့်အခါကျမှ မိဘကို သတိရကြသည်ကို ဆိုလိုရင်းဖြစ်ပါသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## ၁၈။ ခါချဉ်ကောင်မာန်ကြီးလို့ တောင်ကြီးပြိုမည့်ကြံ ခါးကမသန်




မိမိသည် မိမိ၏အခြေအနေထက် များစွာသာသည့် အလုပ်အကိုင်မျိုးကို အောင်မြင်အောင်လုပ်ဆောင်မည်ဟု ကြံစည်ထားသော်လည်း (အားမာန်တင်းထားသော်လည်း) မိမိ၏အခြေအနေမှာ လုပ်ငန်းအောင်မြင်အောင် လုပ်နိုင်မည့်အနေမျိုး (အလားအလာ)မရှိဟု ဆိုလိုရင်းဖြစ်ပါသည်။

* * *





## ၁၉။ ခါးတောင်းကျိုက်တလွဲ ဖင်တလွဲ



ခါးတောင်းကို ကျိုက်ရာတွင် ဖင်ကိုလုံအောင်ကျိုက်ကြရပါသည်။ သို့ရာတွင် ဖင်နှင့်ခါးတောင်းကျိုက် လွဲနေပါက မူလရည်ရွယ်ချက် လွဲမှားနေပေမည်။ ထို့အတူ လုပ်သည်က တစ်မျိုး ဖြစ်သည်ကတခြား လွဲချော်နေသည့်အခါမျိုးတွင် ဤစကားပုံကို ခိုင်းနှိုင်းသုံးစွဲတတ်ကြပါသည်။

* * *




www.burmeseclassic.com

www.burmeseclassic.com



## ၂၀။ ခင်ရာဆွေမျိုး မြိန်ရာဟင်းကောင်း




မိမိနှင့် ခင်မင်ရင်းနှီးသည့် ပုဂ္ဂိုလ်များသည် ဆွေမျိုးကဲ့သို့ပင် အားကိုးအားထားပြုနိုင်ပါသည်။ ထမင်းစားရာတွင် မိမိခံတွင်းတွေ့သည့်ဟင်းနှင့်စားပါက ဟင်းမကောင်းသည့်တိုင်အောင် စားကောင်းလှပါသည်။ ဆွေမျိုးမှ အားကိုးရသည်။ ဟင်းကောင်းမှ ထမင်းမြိန်သည် မဟုတ်ပါ။ မိမိအတွက် အကျိုးပြုလျှင် ဆွေမျိုးကဲ့သို့ ခေါင်းသင်းနိုင်သည်။ ဟင်းမကောင်းသော်လည်း ထမင်းစားမြိန်လျှင် ဟင်းကောင်းကဲ့သို့ တန်ဖိုးထားသင့်သည်ဟု ဆိုလိုရင်း ဖြစ်ပါသည်။

* * *





## ၂၁။ ချေးထဲက လောက် ချေးထဲမှာ ပျော်



လူတို့သည် မိမိနှင့်အလွှာတူလူတန်းစား(အဆင့်အတန်းတူသည့် လူမှုပတ်ဝန်းကျင်)တွင်သာ ပျော်ပိုက်နိုင်သည်ဟုဆိုလိုရင်းဖြစ်ပါသည်။ အဆင့်အတန်းနိမ့်သူကို အဆင့်အတန်းမြင့်သည့် လူမှုပတ်ဝန်းကျင်တွင်ထားပါက မပျော်၊ မိမိ၏အလွှာတူသည့် လူမှုပတ်ဝန်းကျင်၌သာ မက်မောတွယ်တာနေသည့်အခါမျိုးတွင် ဤစကားပုံကို နှိုင်းနှိုင်းသုံးစွဲကြပါသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## ၃၂။ ချင်းစိမ်းနှင့်မိဿလင် သူကြင်မှုကိုယ်ကြင်



ချင်းစိမ်းနှင့် မိဿလင်သည် အသွင်အားဖြင့်တူသော်လည်း ဂုဏ်သတ္တိချင်းကား မတူပါ။ လူသားချင်းတူသော်လည်း သူက မိမိအပေါ်ကောင်းမှ မိမိကလည်း သူ့အပေါ် ပြန်ကောင်းနိုင်မည်ဟု ဆိုလိုရင်းဖြစ်ပါသည်။ များသောအားဖြင့် ဤစကားပုံကို ခင်မင်သူချင်းတွင် နှိုင်းနှိုင်းသုံးစွဲလေ့ရှိပါသည်။

* * *





## ၃၃။ ချစ်စကို ရှည်စေ မုန်းစကို တိုစေ



ချစ်ခြင်းမေတ္တာတရားသည် ငြိမ်းချမ်းသောသဘောကို ဆောင်ပေသည်။ အမုန်းသည် ဒေါသနှင့်ဒိုက်ရန်ဖြစ်မှုသဘောကို ဆောင်သည်။ ထို့ကြောင့် လူ့လောကတွင် ချစ်ခြင်းမေတ္တာကို အရှည်သဖြင့် တည်စေပြီး အမုန်းကိုမူ ခဏတာမျှသာ ရှိပါစေဟု ဆိုလိုရင်းဖြစ်ပါသည်။

* * *




www.burmeseclassic.com

www.burmeseclassic.com



## ၂၄။ ချစ်စေလိုလည်း ခံတွင်းလက်လေးသစ်၊ မုန်းစေလိုလည်း ခံတွင်းလက်လေးသစ်



တစ်ဖက်သား ချစ်ခင်အောင်လည်း လက်လေးသစ်မျှသာရှိသော ပါးစပ်က မြော်ဆိုသောစကားပင် ဖြစ်သည်။ တစ်ဖက်သားမုန်းအောင်လည်း ဤပါးစပ်ကပြောသောစကားပင် ဖြစ်သည်။ စကားကို ချိုသာအောင် ပြောသင့်သည်ဟု ဆိုလိုရင်းဖြစ်သည်။ စကားပြောရာတွင် စကားလုံး၊ အသံ အနေအထား စသည်တို့ကို လိုက်လျောအောင် ရွေးချယ်၍ ချိုချိုသာသာ ပြောသင့်သည်။

* * *





## ၂၅။ ချဉ်သီးပင်အောက် ချဉ်သီးရှား



ချဉ်သီး သီးသော အပင်အောက်တွင် ချဉ်သီးရှားနေသည့်နည်းတူ ဒေသတစ်ခု၏ ထွက်ကုန်ပစ္စည်းများကို အခြားဒေသသို့ တင်ပို့သည်ဖြစ်၍ ၎င်းဒေသမှာ ၎င်းပစ္စည်းများ ရှားပါးနေသည်ကို ဆိုလိုရင်းဖြစ်ပါသည်။ စပါးတကျကရာဒေသ ဆန်ရှားနေသည့်သဘောမျိုး ဖြစ်ပါသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## ၂၆။ ခွေးမြီးကောက် ကျည်တောက်စွပ်



ခွေး၏အမြီးကောက်ကောက်ကို ဖြောင့်လိုသော ဆန္ဒဖြင့် ဝါးကျည်တောက်ဖြင့် စွပ်ထားပါက စွပ်ထားစဉ်မှာ ဖြောင့်နေသော်လည်း ဖြုတ်လိုက်သောအခါ နဂိုအတိုင်း ပြန်ကောက်သွားပါသည်။ မူလက အကျင့်ပျက်နေသောသူတစ်ယောက်ကို အကျင့်ကောင်းလာအောင် မည်သို့ပင် ပြုပြင်ပေးသော်လည်း ပြောဆိုဆုံးမနေစဉ်သာ ကောင်းသော်လည်း နောက်နောင်တွင် မူလအတိုင်း အကျင့်ပျက်မြဲပျက်နေသည်ကို ဆိုလိုပါသည်။

* * *





## ၂၇။ ခွေးလှေးခုန်၍ မုန့်မယ



ခွေးတွင်တွယ်ကပ်နေသည့် ခွေးသန်း ခွေးလှေး မြေပေါ်တွင် မည်သို့ပင်ခုန်စေကာမူ မုန့်ထမည်မဟုတ်ပါ။ ထို့အတူ ပညာ၊ ရာထူး၊ ငွေစသည်တို့ ချို့တဲ့သိမ်ငယ်နေ၍ အစွမ်းအစမရှိသူသည် မည်မျှပင် ကြိုးစားလှုပ်ရှားစေကာမူ ကြီးကြီးကျယ်ကျယ်အောင်မြင်မှု ရရှိမည်မဟုတ်ဟု ဆိုလိုပါသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## ၂၈။ ဒွေးရူးကောင်းစား တစ်မွန်းတည့်




အရည်အချင်း စွမ်းရည်မရှိဘဲ ကံကောင်းထောက်မ၍ ချမ်းသာ အောင်မြင်လာသော်လည်း ခဏတာသာခံပြီး မိမိအကြောင်း လူများသိသွားသောအခါ ကျရှုံးနိမ့်ကျသွားတတ်သည်ဟု ဆိုလိုရင်းဖြစ်ပါသည်။

* * *





## ၂၉။ ချွေတာစုဆောင်း သူဌေးလောင်း



ငွေကြေးပစ္စည်းဥစ္စာတို့ကို ဖြုန်းတီးမပစ်ဘဲ စုဆောင်းထားသောသူသည် တစ်နေ့သောအခါတွင် ချမ်းသာကြွယ်ဝလာသည့် သူဌေးကြီးဖြစ်လာနိုင်ပါသည်၊ အသုံးနှင့်အဖြုန်းကို ခွဲခြားနားလည်ပြီး ငွေကြေးဥစ္စာတို့ကို ချွေတာရမည်ဟုဆိုလိုရင်းဖြစ်ပါသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## ၃၀။ ဂါထာလူတိုင်းပေး တေးဖြစ်



အကျိုးထူးပေးနိုင်စွမ်းသော ရောဂါအန္တရာယ်တို့ကို ကာကွယ်တားဆီးပေးနိုင်သော အစွမ်းထက်သည့် ဂါထာမန္တန်များကို လူတိုင်းကို သင်ပေးလိုက်ပါက တေးသီချင်းကဲ့သို့ သီဆိုကြသဖြင့် အစွမ်းမထက်တော့ဘဲ ဖြစ်ရတတ်ပါသည်။ အဖိုးတန်ပညာကို လူတိုင်းအား မပေးပါနှင့်။ ပေးမိလျှင် ပညာ၏ တန်ဖိုးမရှိတော့ဘဲ အပေါစားဖြစ်သွားနိုင်သည်ဟု ဆိုလိုရင်းဖြစ်ပါသည်။

* * *





## ၃၁။ ဂုဏ်ရှိမှ လူရာဝင်




ရာထူးဂုဏ်၊ ပညာဂုဏ်၊ ဓနဂုဏ်၊ ရိုးသားမှုဂုဏ် စသည်ဖြင့် ဂုဏ်တစ်ခုခုရှိမှသာလျှင် လူများအတွင်း သိက္ခာရှိရှိ ပေါင်းသင်းဆက်ဆံနိုင်မည်၊ လူရာဝင်မည်ဖြစ်သည်ဟု ဆိုလိုရင်းဖြစ်ပါသည်။

* * *

www.burmeseclassic.com



## ၃၂။ ဂရုတ်သီးထဲကပိုး အစပ်မကြောက်



ဂရုတ်သီးသည် သဘာဝအားဖြင့် ပူစပ်သော သဘော ရှိသည်။ ၄င်းအသီးထဲ နေထိုင်စားသောက်နေသည့် ဂရုတ်သီး ပိုးသည် အပူအစပ်ရှိုးနေပြီဖြစ်၍ ကြောက်မည်မဟုတ်ပေ။ ဆင်းရဲစွာ ရုန်းကန်လှုပ်ရှား စားသောက်နေရသူသည် ထိုထက် ဆင်းရဲဒုက္ခရောက်သော်လည်း တုန်လှုပ်ခြင်းမရှိဘဲ ခံနိုင်ရည် ရှိသည်ဟု ဆိုလိုရင်း ဖြစ်ပါသည်။

* * *





## ၃၃။ ငါ မွေးသည့်မျောက် ငါ့ပြန်ခြောက်



မိမိက မြှုစုမျိုးထောင်ပံ့ပိုးကူညီထားခဲ့သော သူက အခြေအနေကောင်းမွန်ပြီး မိမိအားပြန်၍ အသောက်စီးနှင့်ပြောဆို ဆက်ဆံလာသောအခါ မိမိကျေးဇူးကို မထောက်ထားရမည် လောမှာ စိတ်မကောင်းစွာနှင့် ခိုင်းနှိုင်းပြောဆိုရသော စကားပုံ ဖြစ်ပါသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## ၃၄။ ငါ့ဆေးဝင် ဖင်ပြင်



မိမိစိုက်လိုက်သောဆေး (ဝှမ်းနှုတ်ဆေး)ပါးစပ်ထဲဝင်ကာရှိသေး ဝမ်းသွားရန်ပြင်ထားပေတော့ဟု ဆိုသည်။ မိမိ ဆေးတောင့်ရှက်ကူညီပေးလိုက်သည့် အမှုကိစ္စကို စတင်ဆောင်ရွက်ခါစရှိသေးသော်လည်း ပြီးဆုံးအောင်မြင်ပြီလားဟု မေးသည့်သဘောကို ဆိုလိုပါသည်။

* * *





## ၃၅။ ငါ့သမီးလိမ္မာလှသည်ဟု ချီးမွမ်းကာမှ ယောက်မ မြင်းစီးထွက်



မိဘများသည် မိမိတို့၏သမီးလေးကို လိမ္မာလှသည်ဟု ချီးမွမ်းပြောဆို၍ နေကာမှ သမီးကလေးသည် မိဘ အရှက်ကွဲစေမည့် (မိဘမကြိုက်သည့်)အပြုအမူမျိုး ပြုလိုက်သည့်အခါ ဤစကားပုံကို နှိုင်းနှိုင်းသုံးစွဲကြပါသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## ၃၆။ ငါးကြင်းဆီနှင့် ငါးကြင်းကြော်



ငါးကြင်း၏အဆီနှင့် ငါးကြင်းအသားကို ကြော်သည်။ ထို့အတူ သူ့ပစ္စည်းနှင့်သူ့ကိုပြန်၍ လုပ်ပေးလိုက်သည့်အခါမှာ ဤစကားပုံကို နိုင်းနှိုင်းသုံးစွဲကြပါသည်။

* * *





## ၃၇။ ငါးခုံးမတစ်ကောင်ကြောင့် ဟစ်လှေလုံးပုပ်



ရေလုပ်သားတို့ထံမှ လာသည့်စကားပုံ ဖြစ်ပါသည်။ ငါးခုံးမသည် အပုပ်မြန်သည့် ငါးမျိုးဖြစ်သည့်အတိုင်း ၎င်း ပုပ်သောအခါ လှေထဲရှိ အခြားငါးတို့ပါ ရောချပုပ်ကုန်တတ်သည်။ ဤသဘောအတိုင်း တစ်ဦးတစ်ယောက်မကောင်းသည့်အတွက် အများ(အဖွဲ့လိုက်)မကောင်းဟု ကောင်းသောသူများကို ထိခိုက် အပြောခံရသည်ဟု ဆိုလိုရင်းဖြစ်ပါသည်။

* * *




www.burmeseclassic.com

www.burmeseclassic.com



## ၃၈။ ငါးစိမ်းမြင် ငါးကင်ပစ်



ငါးစိမ်းငါးစို လတ်လတ်ဆတ်ဆတ်များကို မြင်သည့်အတွက် မိမိတွင်ရှိသည့် ငါးကင်ကို စွန့်ပစ်သည့်သဘောအတိုင်း အသစ်ကိုမြင်၍ အဟောင်းကိုစွန့်ပစ်သည်ဟု ဆိုလိုရင်း ဖြစ်ပါသည်။

* * *





## ၃၉။ ငါးပိနှင့်လောက် ရွှေနှင့်ကျောက်



ငါးပိနှင့်လောက်သည်လည်းကောင်း၊ ရွှေနှင့်ကျောက်မျက်ရတနာသည်လည်းကောင်း တွဲဖက်နေသည့် မိတ်ဖက်များဖြစ်ပါသည်။ ထို့အတူ လူမိုက်သည် လူမိုက်နှင့်လည်းကောင်း၊ လူလိမ္မာသည် လူလိမ္မာနှင့် တွဲဖက်ပေါင်းသင်းနေသင့်သည်ဟု ဆိုလိုရင်း ဖြစ်ပါသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## ၄၀။ ငါးပွက်ရာ ငါးစာချ



ဤစကားပုံသည်လည်း ရေလုပ်သားတို့၏ စကားပုံမင် ဖြစ်ပါသည်။ ငါးများရာတွင် တစ်နေရာတည်းမှာ သတ်သတ်မှတ်မှတ် မမျှားဘဲ ငါးပွက်သည့်နေရာသို့ လိုက်၍ ငါးစာချများပါက ငါးမရဘဲ ဖြစ်တတ်ပါသည်။ ထို့အတူပင် အလုပ်တစ်ခုကို သတ်သတ်မှတ်မှတ် ဇောက်ချ၍ မလုပ်ဘဲ ဟိုအလုပ်ကောင်းနိုး၊ သည်အလုပ်ကောင်းနိုးနှင့် ကြုံရာအလုပ်ကို လိုက်လုပ်နေပါက အောင်မြင်မှုမရနိုင်ဘဲရှိတတ်သည်ဟု ဆိုလိုရင်းဖြစ်ပါသည်။

* * *





## ၄၁။ ငွေမရှိ ကတိမတည်



လူတစ်ယောက်ထံ ငွေ (သို့မဟုတ်) ပစ္စည်းတစ်ခုခုကို ချေးငှားယူခဲ့ပြီး မည်သည့်အချိန်ကာလမှာ ပြန်လည်ပေးဆပ်မည်ဟု ကတိပေးခဲ့၏။ ပေးဆပ်ရက်ရောက်သောအခါ ငွေမရှိသဖြင့် ပေးထားသည့်ကတိကို မဖျက်လိုသော်လည်း ကတိမတည်နိုင် ဖြစ်တတ်သည်ဟု ဆိုလိုရင်းဖြစ်ပါသည်

* * *



www.burmeseclassic.com

www.burmeseclassic.com



## ၄၂။ ငှက်ပျောပင်စိုက် မိလိုက်ဖပါ



ငှက်ပျောပင်စိုက်ရာတွင် ဖီးကြမ်းမျိုးစိုက်လျှင် ဖီးကြမ်းသီးသာ သီးရမည် ဖြစ်သည်။ ထို့အတူ အမိအဖတို့၏ ဘာသာဓလေ့ရိုးရာယဉ်ကျေးမှုတို့ကို သားသမီးတို့က အစဉ်အလာအတိုင်း ဆက်ခံရမည်ဟု ဆိုလိုရင်းဖြစ်ပါသည်။

* * *





## ၄၃။ စကား စကား ပြောဖန်များ စကားထဲကဇာတိပြ



စကားများများ ပြောဖန်များသောအခါ စကားထဲမှာ မိမိ၏ခံယူချက် အယူအဆများပါဝင်လာသဖြင့် မိမိ၏ ဘဝဇာတိကို ဖော်ပြသကဲ့သို့ ဖြစ်ရသည်ဟု ဆိုလိုရင်းဖြစ်ပါသည်။

* * *

www.burmeseclassic.com



## ၄၄။ စကားဆိုသော် မတင်းနှင့်၊ တရားလိုသော်မငြင်းနှင့်



စကားကို အထက်စီးကတင်စီးပြီး တင်းတင်းပြောသည်ကို မည်သူမျှမကြိုက်ပါ။ ဆက်ဆံရေးပျက်ပြားတတ်ပါသည်။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ထံမှ တရားမျှစစ်ကို လိုသောအခါ အငြင်းပွားခြင်းအားဖြင့် တရားကို ရမည်မဟုတ်ပါ။ စေ့စပ်စွာ ကြားနာကျင့်ကြံအားထုတ်မှသာ ရရှိနိုင်သည်ဟု ဆိုလိုရင်း ဖြစ်ပါသည်။ စကားပြောဆိုရာတွင် တင်းတင်းမပြောနှင့်၊ ငြင်းလည်း မငြင်းနှင့်ဟု သင်ခန်းစာပေးထားခြင်း ဖြစ်ပါသည်။

* * *





## ၄၅။ စကားနည်းရန်စဲ



စကားကို များများပြောပါက အမှားပါတတ်သည်။ စကားကို နည်းနည်းပြောဆိုလျှင် အမှားနည်းသဖြင့် ရန်ကင်းနိုင်ပါသည်။ တစ်ဖက်လူက စကားများများပြောသော်လည်း မိမိက စကားနည်းနည်းသာ ပြောသဖြင့် အငြင်းပွားစရာ မလိုဘဲ ရန်ပွဲအေးငြိမ်းနိုင်သည်ဟု ဆိုလိုရင်းဖြစ်ပါသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## ၄၆။ စာမတတ် ဈေးမှာဖတ်



စာကို ကျွမ်းကျင်စွာ မဖတ်တတ်သေးသောသူများသည် မိမိတစ်ယောက်တည်း အမှားအမှန်မသိဘဲနှင့် ဖတ်နေမည့်အစား လူများများရှိသည့်နေရာတွင် ဖတ်ရမည်။ သို့မှသာ မှားသော စာလုံးကို သိသူက အမှန်ကိုပြင်ပေးနိုင်သဖြင့် စာဖတ်စွမ်းရည် တိုးတက်လာနိုင်ပါသည်ဟု ဆိုလိုရင်းဖြစ်ပါသည်။

* * *





## ၄၇။ စားရကံကြုံ၍ မုတ်ဆိတ်ပျားစွဲ



စားရန်အခွင့်အလမ်းကြုံလာ၍ဖြင့် ပျားများသည် ပါးစပ်၏ အနီးရှိ မုတ်ဆိတ်တွင် ပျားအုံ လာစွဲသည်ဟု တင်စား နှိုင်းနှိုင်း သုံးစွဲကြပါသည်။ ဆိုလိုရင်းမှာ မိမိလုပ်နေသော အလုပ် အတွက် အလိုက်သင့်အခွင့်အရေး အလားအလာကောင်းတစ်ခု ပေါ်ပေါက်လာသည်မှာ စားရကံကြုံသည့်သဘောပင် ဖြစ်ပါ သည်။

* * *




www.burmeseclassic.com

www.burmeseclassic.com



## ၄၈။ စူးနေရာစူး ဆောက်နေရာဆောက်



ဤစကားပုံသည် ဆောက်လုပ်ရေးလုပ်သားတို့၏ စကားပုံ ဖြစ်ပါသည်။ အဆောက်အအုံ (သို့မဟုတ်) ပရိဘောဂ တစ်ခုခုပြုလုပ်ရာတွင် စူးဖြင့် အသုံးပြုရမည့်နေရာတွင် စူး၊ ဆောက်ဖြင့် အသုံးပြုရမည့်နေရာတွင် ဆောက် စသည်ဖြင့် သူ့နေရာနှင့်သူ စနစ်တကျ သုံးစွဲရမည်။ ဤနည်းအတိုင်း လောကမှာ သူ့နေရာနှင့်သူ တန်ရာတန်ရာ သင့်လျော်သလို အသုံးချတတ်ရမည်ဟု ဆိုလိုရင်းဖြစ်ပါသည်။

* * *





## ၄၉။ တောက်မှန်းမသိ၊ ကမ်းမှန်းမသိ



ဤစကားပုံသည် လှေသမားတို့၏ စကားပုံဖြစ်ပါသည်။ ဤသည်မှာ တောက်၊ ဤသည်က ကမ်း စသည်ဖြင့် သိမှသာ ရေကြောင်းခရီးသွားရာတွင် အဆင်ပြေပေမည်။ ထို့အတူ အလုပ်တစ်ခုလုပ်ရာတွင် အလုပ်နှင့်ပတ်သက်၍ ကျွမ်းကျွမ်းကျင်ကျင်သိရန် လိုသည်ဟု ဆိုလိုရင်းဖြစ်ပါသည်။

* * *




www.burmeseclassic.com

www.burmeseclassic.com



## ၃၀။ စိန်ကဲကျောက်ကဲထက် လူကဲခတ်ခက်



စိန်၊ ကျောက်မျက်ရတနာတို့ကို ကျွမ်းကျင်သောသူသည် စိန်ကောင်းမကောင်းကိုလည်းကောင်း၊ ကျောက်ကောင်းမကောင်းကိုလည်းကောင်း အကဲခတ်နိုင်စွမ်း ရှိနိုင်ပါသည်။ သို့သော် လူကောင်း ဟုတ်မဟုတ်ကိုမူ အကဲခတ်ရန် လွန်စွာခက်ခဲလှသည်ဟု ဆိုလိုရင်းဖြစ်ပါသည်။

* * *





## ၃၁။ စိန်နားကပ်ရောင်ကြောင့် ပါးပြောင်



တဖျပ်ဖျပ်တောက်ပနေသော စိန်နားကပ်ရောင်ကြောင့် ဝတ်ဆင်ထားသည့် အမျိုးသမီး၏ပါးပြင်မှာ တောက်ပနေသည်။ ပါး၏ပင်ကိုအရောင်မဟုတ် စိန်နားကပ်၏ရောင်ကြောင့် ဖြစ်ရသည့် အရောင်ဖြစ်သည်။ ထို့အတူ မိမိ၏ ပင်ကိုအရည်အသွေးကြောင့်မဟုတ်ဘဲ တစ်ဦးတစ်ယောက်၏ ကူညီပံ့ပိုးမှုကြောင့် စွမ်းရည် အောင်မြင်မှုရရှိခြင်းကို ဆိုလိုရင်းဖြစ်ပါသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## ၅၂။ ဆရာကာပြန် တပည့်အာလုံ့ရှုး



မိမိအား အတတ်ပညာတစ်စုံတစ်ခုကို သင်ကြားပေးသည့် မြင်ဆရာ၊ သင်ဆရာ၊ ကြားဆရာဟူသမျှတို့ ကိုယ်၊ စိတ်၊ နှလုံး သုံးပါးတို့ဖြင့် မပြစ်မှားကောင်းပေ။ ပြစ်မှားကျူးလွန်မိသော် အာခေါင်ကို လှံ့ရှုး၍ သေသည့်ထုံးရှိခဲ့ဖူးသည်။ ထို့ကြောင့် မိမိ၏ မြင်ဆရာ၊ သင်ဆရာ၊ ကြားဆရာတို့အား ပစ်ပယ်ပြစ်မှားမှုကို မပြုလုပ်အပ်ဟု ဆိုလိုရင်းဖြစ်ပါသည်။

* * *





## ၅၃။ ဆရာမပြ ငါးပိဖုတ်တောင် နည်းမကျ



ငါးပိဖုတ်ကဲ့သို့ အလွန်လွယ်ကူသော အလုပ်ကလေးကိုပင် ဆရာနှင့်စနစ်တကျ သင်ကြားခြင်းမရှိပါက ကောင်းကောင်းမွန်မွန် နည်းစနစ်ကျကျအောင်မြင်အောင် ပြုနိုင်စွမ်းမရှိနိုင်ပါ။ အတတ်ပညာဟူသမျှ ဆရာနှင့် စနစ်တကျသင်မှ တတ်ကျွမ်းနိုင်သည်ဟု ဆိုလိုရင်းဖြစ်ပါသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## ၅၄။ ဆရာများ သားသေ



အလုပ်တစ်ခုလုပ်ရာမှာ ပတ်ဝန်းကျင်မှ ဩဇာပေးသူကပေး၊ အကြံဉာဏ်ပေးသူကလည်းပေးသဖြင့် အလုပ်လုပ်ရာမှာ အခက်အခဲများတွေ့ကြုံပြီး နောက်ဆုံးအလုပ်ပါ ထိခိုက်နိုင်သည်ဟု ဆိုလိုရင်းဖြစ်ပါသည်။ ဘေးမှ အကြံဉာဏ်ပေးလာလျှင် မိမိ၏အလုပ်နှင့် အဆင်ပြေမပြေ စဉ်းစားပြီးမှ လက်ခံသင့်သည်ဟု ဆိုလိုရင်းဖြစ်ပါသည်။

* * *





## ၅၅။ ဆံထုံးလည်း ထုံးရ ဆီလည်း စိုက်ရ



သူတစ်ပါးဆံထုံးကို ထုံးပေးရာမှာ လုပ်အားလည်း စိုက်ရ၊ ဆံပင်လိမ်းရန်ဆီလည်း စိုက်ရနှင့် နှစ်ဖက်နာနာရသည်။ ထို့အတူ မိမိကလည်း အလုပ်တစ်ခုကို အပင်ပန်းခံကာ လုပ်ပေးရ၏။ ၎င်းအလုပ်အတွက် လိုအပ်သည့်ပစ္စည်းတို့ကိုလည်း စိုက်ထုတ်ပေးသည့်အခါမျိုးတွင် ဤစကားပုံကို ခိုင်းနှိုင်းသုံးစွဲကြလေ့ရှိပါသည်။

* * *




www.burmeseclassic.com

www.burmeseclassic.com



## ၃၆။ ဆင်ကန်း တောတိုး



ကန်းနေသည့် ဆင်ကြီးသည် မျက်စိမမြင်သဖြင့် ဟိုတိုးသည်တိုးနှင့် အဆင်အခြင်မရှိ သွားလာသကဲ့သို့ ဉာဏ်အမြော်အမြင် ဆင်ခြင်တုံတရားနည်းပါးသည့်သူသည် အလုပ် လုပ်ကိုင်ရာတွင် စူးစမ်းခြင်းမရှိဘဲ ထင်မိထင်ရာ လုပ်သဖြင့် နောင်တွင် ဒုက္ခတွေ့ရတတ်သည်ဟု ဆိုလိုပါသည်။

* * *





## ၃၇။ ဆင်ပြောင်ကြီး အမြီး ကျွံမှတစ်




လုပ်ငန်းကြီးတစ်ခု လုပ်ကိုင်ရာတွင် လုပ်ငန်း၏ အရေးကြီးသော အပိုင်းများကို ချောချောမောမောအောင်မြင်စွာ လုပ်ဆောင်နိုင်ခဲ့၏။ ၎င်းလုပ်ငန်းကြီးပြီးခါနီးမှ ဘာမဟုတ်သည့် ကိစ္စကလေးတစ်ခုကြောင့် လုပ်ငန်းမပြီးနိုင်ဘဲ ရှိနေသည့်အခါမျိုးတွင် ဤစကားပုံကို ခိုင်းနှိုင်းသုံးစွဲလေ့ရှိပါသည်။

* * *

www.burmeseclassic.com



## ၃၈။ ဆင်ဖြူတော်မှီ ကြံစုပ်




မိမိ၏ ကိုယ်စွမ်းကိုယ်စမရှိဘဲနှင့် သူတစ်ပါး၏ အကူအညီကို မှီခိုပြု၍ ချမ်းသာအောင် ပြုလုပ်သည့်အခါမျိုးတွင် ဤစကားပုံကို ခိုင်းနှိုင်းလေ့ရှိပါသည်။ ဆင်ဖြူတော်အား ကျွေးလာသည့်ကြံကို အခွင့်အရေးတစ်ရပ်အနေနှင့် ဝင်စုပ်သည်ကို ဆိုလိုပါသည်။

* * *





## ၃၉။ ဆင်ဖြူမျက်နှာ ဆင်မည်းမကြည့်ဝံ့



ပညာ၊ ဥစ္စာ၊ အာဏာစသည့် ဂုဏ်သိက္ခာရှိသည့် ပုဂ္ဂိုလ်ကို ဂုဏ်မဲ့သူက ဖြန်လှန်မှတ်ပစ္စံ့ဟု ဆို ပိုရင်းဖြစ်ပါသည်။

* * *




www.burmeseclassic.com

www.burmeseclassic.com



## ၆၀။ ဆင်းရဲတစ်ခါ ချမ်းသာတစ်လှည့်



လူ့လောကတွင် ချမ်းသာခြင်း၊ ဆင်းရဲခြင်းဆိုသည့် တရားများရှိနေပေမည်။ ချမ်းသာခြင်းသည်လည်းကောင်း၊ ဆင်းရဲခြင်းသည်လည်းကောင်း အစဉ်တည်မြဲနေသည်မဟုတ်။ ဆင်းရဲလိုက်၊ ချမ်းသာလိုက်နှင့် တစ်လှည့်စီ ဖြစ်ပျက်နေတတ်သည်။ ဘဝ၏ဒဏ်ကို ခံနိုင်ရည်ရှိစေသော သံဝေဂစကားပုံ ဖြစ်ပါသည်။

* * *





## ၆၁။ ဆန်ကုန် မြေလေး



မိမိတိုင်းပြည်၏ အကျိုး၊ မိမိ၏ မိသားစု၏အကျိုး၊ မိမိ၏အကျိုးကို ဘာတစ်ခုမျှ အကျိုးမပြုနိုင်ဘဲ တေပေသူ၊ ညံ့ဖျင်းသူကို ဤစကားပုံဖြင့် ခိုင်းနှိုင်းသုံးစွဲလေ့ရှိပါသည်။ ထိုသူ အသက်ရှင်နေခြင်းကြောင့် ဆန်လည်း ကုန်သည်၊ မြေကြီးလည်း လေးသည်ဟု ဆိုလိုရင်းဖြစ်ပါသည်။

* * *




www.burmeseclassic.com

www.burmeseclassic.com



## ၆၂။ ဆန်နိုး မပီ၊ ဖွဲနိုး ပီ




အရေးပါသော ကိစ္စများကိုဆောင်ရွက်လုပ်ကိုင်စဉ်က ပြဿနာမပေါ်ဘဲ အရေးမပါသော ကိစ္စတစ်ခုကို ဆောင်ရွက်မှ ပြဿနာပေါ်လာသည့်အခါ ဤစကားပုံနှင့် နိုင်းနှိုင်းပြောဆိုလေ့ရှိပါသည်။

* * *





## ၆၃။ ဆန်စဉ်ရာ ကျည်ပွေ့မလိုက်နိုင်



ဆန်ကိုကောင်းဖြင့်ဖွပ်ရာတွင် ဆန်စေ့ဝဉ်ရာသို့ ကျည်ပွေ့က လိုက်၍ မထောင်းနိုင်ပါ။ ထို့အတူ အများနှင့်ဖြစ်သော ပြဿနာကို အများကိုသာ ချုပြ၍ ရှင်းရမည်။ တစ်ဦးချင်း တစ်ယောက်ချင်းကို လိုက်လံရှင်းပြမနေနိုင်ဟု ဆိုလိုရင်းဖြစ်ပါသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## ၆၄။ ဆန်ရင်းကို နာနာဖွပ်



ဆန်ဖွပ်ရာတွင် ဆန်ရင်း(ဆန်ကောင်း)ကို နာနာဖွပ်ပါမှ ဆန်ကောင်းဆန်သန့်ကို ရနိုင်မည်ဖြစ်ပါသည်။ ဆန်ကွဲ၊ ဆန်ကျိုးတို့ကို နာနာဖွပ်ပါက ဆန်အကြေများကိုသာရရှိနိုင်သဖြင့် အကျိုးမများနိုင်ပါ။ ထို့အတူ မိမိနှင့်ပတ်သက်သည့် တော်မည့်သူကိုသာ ချီးမြှင့်မြှောက်စားရမည်ဟု ဆိုလိုရင်းဖြစ်ပါသည်။

* * *





## ၆၅။ ဆန်မရှိ အစားကြီး



မိမိမှာ ဆန်မရှိဘဲနှင့် အစားကြီးသည့်အတွက် ဒုက္ခရောက်ရသည်။ မိမိ၏ဝင်ငွေက နည်းသော်လည်း အသုံးအဖြုန်းမှာ သူဌေးကဲ့သို့ သုံးဖြုန်းနေထိုင်သည့်အခါမျိုးတွင် ဤစကားပုံကို ခိုင်းနှိုင်းသုံးစွဲလေ့ ရှိပါသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## ၆၆။ ဆပ်ပြာကောင်း၍ ခေါင်းပေါင်းဖြူသည်



မိမိ၏ ကိုယ်စွမ်းကိုယ်စမရှိသော်လည်း အရည်အချင်း ဝုဏ်ရှိ ရှိသူတစ်ဦးက ကူညီပံ့ပိုးပေးမှုကြောင့် အောင်မြင် ချမ်းသာလာသည့်အခါမျိုးတွင် ဤစကားပုံကို နှိုင်းနှိုင်းတတ်ကြ ပါသည်။ မိမိ၏ ဖွပ်လျှော်မှုကြောင့် ခေါင်းပေါင်းဖြူခြင်း မဟုတ်၊ ဆပ်ပြာကောင်း၍သာ ခေါင်းပေါင်းဖြူရခြင်း ဖြစ်သည် ဟုဆိုလိုပါသည်။

* * *





## ၆၇။ ဆွမ်းဆန်ထဲ ကြွက်ချေးရော



တန်ဖိုးရှိသည့် ပစ္စည်း(အလုပ်အကိုင်) များထဲတွင် တန်ဖိုးမရှိသည့် ပစ္စည်း(အလုပ်အကိုင်) ဘစ်တုံတစ်ရာ ရောနှော ပါရှိလာသည်ကို ဆိုလိုပါသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## ၆၈။ ဇာတိပုည ဂုဏ်မာန



ဇာတိမူလက ပြုခဲ့ဖူးသည့် ပုညကုသိုလ်အကျိုးပေး ကောင်းလျှင်တောင်းသလို မိမိ၏ အခြေအနေအဆင့်အတန်းကို လိုက်၍ ဂုဏ်မာနရှိတတ်ကြသည်ဟု ဆိုလိုရင်းဖြစ်ပါသည်။

* * *





## ၆၉။ ဇီကုပ်နတ်ပြည်ထင် မြင့်သ ည်ထင်၍ခုန်ချ



မိမိက စိတ်ရင်းစေတနာကော ်းဖြင့် နွမ်းပါးသူကို လက်ရှိအနေထက် ပိုမိုတိုးတက်ကောင်းမွန်အောင် ကူညီပံ့ပိုးပေး၏။ သို့သော် ထိုသူသည် ၄င်းရရှိထားသည့် အဆင့် အခြေအနေတွင် မနေဘဲ မူလဘာဝအခြေအထိ နိမ့်ကျအောင် ပြုလုပ်သည့်အခါမျိုးတွင် ဤစကားကို နိုင်းနှိုင် ်းစွဲလေ့ရှိပါသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## ၇၀။ ဇာတ်တူသားစားလျှင် ဟင်္သာကိုးသောင်းပျက်



မိမိတို့၏ အမျိုးတူ (သို့မဟုတ်) လုပ်ငန်းတူ (ဘဝတူ လူတန်းစား) အချင်းချင်း ကွဲပြား ရန်မူနေကြလျှင် စည်းလုံးမှု အင်အားနည်းပြီး နောက်ဆုံးတွင် ဘဝတူလူတန်းစားများကို တစ်ပါးသူများက စော်ကားတိုက်ခိုက်မှုခံရကာ နောက်ဆုံးတွင် ခုခံမှုအင်အားမရှိသဖြင့် ပျက်စီးခြင်းသို့ ရောက်တတ်သည်ဟု ဆိုလိုပါသည်။

* * *





## ၇၁။ စာမရီသွေး အမွေးတစ်ပင်အကျွတ်မခံ



စာမရီငှက်တို့သည် မိမိ၏အမွေးတစ်ပင်မျှ မကျွတ်စေရအောင် ထိန်းသိမ်းလေ့ရှိပါသည်။ အကယ်၍ အမွေးတစ်ဝင် ကျွတ်ပါက ငှင်းရန်သူကို အသက်သေသည်အထိခံ၍ တိုက်ခိုက်တတ်လေ့ရှိသည်။

ထို့အတူ တစ်ဖက်သားက မိမိ၏ အမျိုး (သို့မဟုတ်) မိမိကိုယ်အား ထိပါးနှောင့်ယှက်လာလျှင် စာမရီငှက်ကဲ့သို့ ခွန်အားကြီးကြီးနှင့် အသက်နှင့်လဲ၍ တိုက်ခိုက်မည်ဟု ဆိုလိုရင်း ဖြစ်ပါသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## ၇၂။ ဈေးစကား ဈေးပျောက်



ဈေးတွင်းမှဖြစ်ပျက်ခဲ့သော ပြဿနာကို သယ်ယူ၍ အခြားနေရာများတွင် မပြောပါနှင့်။ ဤသို့ပြောခြင်းဖြင့် မလိုလားအပ်သော ပြဿနာနောက်ဆက်တွဲများ ဖြစ်ပေါ်တတ်ပါသည်။ ဈေးစကားဆိုသည်မှာလည်း ခိုင်မာတိကျသော သတင်းမဟုတ်။ ထို့ကြောင့် ဈေးစကားကို ဈေးမှာပင် နားထောင်ပြီး ဈေးထဲမှာ မေ့ပျောက်ထားခဲ့ပါဟု ဆိုလိုရင်းဖြစ်ပါသည်။

* * *





## ၇၃။ ဈေးသုံးလည်း မလွယ်နှင့် ရှေးထုံးလည်း မပယ်နှင့်



မိမိမှာ ငွေကြေးပြည့်စုံသည်ဟု မိမိအတွက် မသုံးမဖြစ်သည့် ပစ္စည်းမျိုးမဟုတ်ဘဲ ဟိုဟာမြင်ဝယ်၊ သည်ဟာမြင်ဝယ်နှင့် ဈေးသုံးကို အလွယ်တကူ ပက်ခနဲ ဝယ်တတ်ကြပါသည်။ ဤသို့ဈေးသုံးလွယ်ပါက ငွေကြေးမစုမိဘဲ စီးပွားပျက်တတ်ပါသည်။

ခေတ်နှင့်ဆီလျော်သည့် ရှေးက ထုံးနည်းထုံးဟောင်းတို့ကို မပယ်ပါနှင့်။ သို့မှသာ အများပြုဂုဏ်ပြုမှုနည်းပေမည်ဟု ဆိုလိုပါသည်။ ထို့ကြောင့်ငွေကို လွယ်လွယ်နှင့်မသုံးပါနှင့်၊ ခေတ်မမီတော့ဘူးဟူ၍ ရှေးထုံးရှေးနည်းတို့ကိုလည်း မပယ်ပါနှင့်ဟု သတိပေးနိုးဆော်သည့် စကားပုံဖြစ်ပါသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## ၇၄။ ညောင်ပင်ကြီးလောက်လှူ၊ ညောင်စေ့လောက်သာရ




ဤစကားပုံသည် ဘာသာရေးစကားပုံ ဖြစ်ပါသည်။ အလှူဒါနပြုရာမှာ စိတ်ထားမကောင်းလျှင် လှူဖွယ်ဝတ္ထုများ အများကြီး လှူပါသော်လည်း ရရှိသည့်အကျိုးကုသိုလ်မှာ အနည်းငယ်မျှသာ ရရှိနိုင်သည်ဟု ဆိုလိုရင်းဖြစ်ပါသည်။

* * *





## ၇၅။ ညောင်မြစ်တူးတော့ ပုတ်သင်ဉပေါ်တတ်သည်



ညောင်ပင်၏ အမြစ်ကိုတူးလျှင် ညောင်မြစ်အနီးမှာ ဉထားသည့် ပုတ်သင်ဉများပါ ပေါ်လာတတ်သည်။

တစ်ယောက်နှင့်တစ်ယောက် မသင့်မတင့်ဖြစ်သော အခါ တစ်ဖက်လူ၏ အတိတ်က မကောင်းမှုကို သိထားသူဖြစ်၍ ထိုအကြောင်းစုံကို ရှင်းပြလျှင် ပုတ်သင်ဉနှင့်တူသည့် မကောင်းမှုများ ဖော်ပြရာရောက်သဖြင့် အရှက်တကွဲ အကျိုးနည်းဖြစ်တော့မည်ဟု ဆိုလိုရင်းဖြစ်ပါသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## ၇၆။ တစ်ခါသေဖူး ပျဉ်ဖိုးနားလည်




အတွေ့အကြုံသည် အကောင်းဆုံး ဘာဝဆရာဖြစ်ပါသည်။ ကောင်းသည့်ကိစ္စ (သို့မဟုတ်) မကောင်းသည့်ကိစ္စတို့နှင့် ကြုံကြိုက်ဖူးပါလျှင် နောက်နောင် ၄င်းကဲ့သို့ ကိစ္စပေါ်ပေါက်တွေ့ဆုံပါက အကျိုးအပြစ်တို့ကို ကျွမ်းကျင်နားလည်ထားရမည် ဖြစ်ပါသည်။

* * *





## ၇၇။ တစ်လုတ်စားဖူး သူ့ကျေးဇူး



မိမိအား တစ်ပါးသူက ငွေကြေး အမြောက်အမြားပေးမှ ကျေးဇူးပြုသည် မမှတ်ရာ။ ထမင်းတစ်လုတ်၊ တစ်ဆုပ်ကလေးမျှ သူတစ်ပါးထံမှ စားဖူးသည်ပင်လည်း ကျေးဇူးပြုသည်ဟု မှတ်ယူရမည်ဖြစ်ပါသည်။ ထို့ကြောင့် ဤသို့ထမင်းတစ်လုတ်မျှ ကျွေးဖူးသည့်သူကို ကျေးဇူးရှင်ဟု မှတ်ယူပြီး သူ့ကျေးဇူးကို တစ်သက်ပတ်လုံး မမေ့သင့်ပါဟု ဆိုလိုရင်းဖြစ်ပါသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## ၇၈။ တစ်သားမွေး တစ်သွေးလှ



အချို့သော ကလေးမိခင်များသည် ကျန်းမာရေးကောင်းသည်ဖြစ်၍ သားသမီးတစ်ကြိမ်မွေးဖွားတိုင်း သွေးသစ်သားသစ်လောင်းကာ စိုစိုပြည်ပြည်နှင့် အလှတိုးလာတတ်သဖြင့် ၄င်းကလေးမိခင်မျိုးကို ဤစကားပုံဖြင့် နိုင်းနှိုင်းသုံးစွဲတတ်ကြပါသည်။

* * *





## ၇၉။ တံငါနားနီး တံငါ၊ မုဆိုးနားနီး မုဆိုး



လူသားတို့သည် မိမိနှင့်နီးစပ်ရာ အပေါင်းအသင်းကိုလိုက်၍ အဆိုးအကောင်းဖြစ်တတ်ပါသည်။ တံငါသည်နှင့်နီးပါက တံငါအလုပ်ကို ဝါသနာပါသွားတတ်၏။ မုဆိုးအပေါင်းအသင်းများနှင့် နီးလျှင် မုဆိုးအလုပ်ကို ဝါသနာပါသွားတတ်ပြန်သည်။ အပေါင်းအသင်းကို ဆင်ခြင်ပေါင်းသင်းရန် သတိပေးသည့် စကားပုံဖြစ်ပါသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## ၈၀။ တန်ဆေး လွန်ဘေး




မည်သည့်အမှုကိစ္စ၊ မည်သည့်အရာမဆို အလွန်အကျွံ မပြုလုပ်ဘဲ သင့်ရုံတော်ရုံပြုလုပ်မည်ဆိုပါက ဆေးဝါးသဖွယ် အကျိုးပြုသည်ဟုဆိုလိုရင်းဖြစ်ပါသည်။ တစ်ဖက်စွန်းမရောက်ရေးအတွက် သတိပေးသည့် ပညာပေးစကားပုံတစ်ခုပင်ဖြစ်ပါသည်။

* * *





## ၈၁။ ထမင်းကို အကုန်စား စကားကို အကုန်မပြောနှင့်



ထမင်းကို ကုန်အောင်စားပစ်သော် ဘာမျှပြဿနာပေါ်မည်မဟုတ်ပါ။ သို့သော် စကားပြောရာတွင် မိမိသိသမျှ လျှို့ဝှက်ထားသင့်သည့် စကားများပါ မချန်ဘဲ ပြောမိပါက ပြဿနာ တက်တတ်ပါသည်။ ထို့ကြောင့် တစ်ဖက်သားနှင့် စကားပြောရာတွင် စကားကို အကုန်မပြောဘဲ ပြောသင့်သည်တို့သာ ပြောပါဟု ပညာပေးဆုံးမထားသည့် စကားပုံဖြစ်ပါသည်။

* * *




www.burmeseclassic.com

www.burmeseclassic.com



## ၈၂။ ထမင်းရည်ပူလာ ၊ လျှာလွှဲ




အစားအစာကောင်းစားရာမှာ လျှာက လက်ခံသော်လည်း ထမင်းရည်ပူကဲ့သို့ အစာညံ့စားရာမှာ လျှာက အရသာမတွေ့သဖြင့် လက်မခံချင်ပါ။ ထို့အတူ ခံစားစံစားစရာရှိသည်တို့ကို ပြည့်ဝစွာခံစားယူတတ်၍ အနှစ်နာခံစရာရှိသောအခါ ရှောင်ဖယ်၍နေသည်ဟု ဆိုလိုရင်းဖြစ်ပါသည်။

* * *





## ၈၃။ ထီးတင်ပွဲလည်း မမီ၊ မယ်တော်ပျံလည်း မမီ



ပွဲဝါသနာပါသော လူတစ်ယောက်သည် ဘုရားထီးတင်လည်း သွားချင်သည်။ မယ်တော်ပျံပွဲလည်း သွားချင်သည်။ ဘုရားထီးတင်ပွဲကို ထိုသူရောက်သောအခါ ပွဲပြီးအောင်မစောင့်နိုင်ဘဲ မယ်တော်ပျံပွဲတော်သို့ အမီသွားပြန်သည်။ မယ်တော်ပျံပွဲမှာ သင်္ဂြိုဟ်ပြီးပြီဖြစ်သဖြင့် ဟိုလည်းမမီ၊ သည်လည်းမမီဖြစ်ရသည်။ ထို့အတူ အလုပ်နှစ်ခုကို လုပ်လိုသောသူသည် အလုပ်နှစ်ခုစလုံးတစ်ပြိုင်နက်လုပ်သဖြင့် အောင်မြင်မှုမရှိဘဲ ပျက်စီးတတ်သည်ဟု ဆိုလိုရင်းဖြစ်ပါသည်။

* * *

www.burmeseclassic.com



## ၉၄။ ထန်းရည်မူး၊ ကျွဲခိုးပေါ်




ထန်းရည်အတါအဝင် မူးယစ်သေစာကို အလွန်အကျွံမူးအောင် သောက်သောသူသည် စိတ်ကို မထိန်းသိမ်းနိုင်ခဲ မိမိ ကျူးလွန်ခဲ့သော မကောင်းမှုကို အပေါင်းအသင်းတို့အား ဖော်ထုတ်ပြောတတ်မိသောကြောင့် မိမိ၏ ပြစ်မှုမကင်းသည့် ဖြစ်ရပ်သည် ပေါ်ပေါက်၍ ဒုက္ခရောက်တတ်သည်ဟု ဆိုလိုရင်း ဖြစ်ပါသည်။

* * *





## ၉၅။ ထန်းသီးကြွေခိုက်၊ ကျိုးနင်းခိုက်



ထန်းပင်ပေါ်မှ ထန်းသီးမှည့်သ ည့် သူ့အလိုလိုကြွေကျတော့မည့်အနေအထားမျိုးရှိနေစဉ် ကျိုးက လည်း ငှင်းကြွေလုလု ထန်းသီးပေါ်မှာ နားလိုက်သည်နှင့်တစ်ပြိုင်နက် ထန်းသီးကြွေကျသွားခြင်းမျိုး ဖြစ်ပါသည်။ ထို့အတူ ဘစ်စုံတစ်ခုဖြစ်တော့မည့်အနေအထားမျိုးမှာ တစ်စုံတစ်ယော က်က လာ၍ ပြုလုပ်လိုက်သဖြင့် ၎င်းသို့ဖြစ်သွားသည့်အခါမျိုးတွင် ဤစကားပုံကို ခိုင်းနှိုင်းသုံးစွဲလေ့ရှိပါသည်။

* * *

www.burmeseclassic.com



## ၈၆။ ထမ်းပိုးထက် လက်ခကြီး




ထမ်းပိုးတစ်ခုကို ပစ္စည်းပေး၍ အလုပ်ခိုင်းရသည်မှာ ထမ်းပိုးတစ်ချောင်းဝယ်ယူရသည်ထက် လက်ခက ပို၍ဈေးကြီးနေသည်။ ထို့အတူ ပစ္စည်းတစ်ခုကို ပစ္စည်းကုန်ကြမ်းပေး၍ အလုပ်ခိုင်းရာမှာ လက်ခက ပစ္စည်းတစ်ခုလုံး ဝယ်ဈေးထက် ကြီးမြင့်နေတတ်သည်ကို ဖော်ညွှန်းလိုရင်းဖြစ်ပါသည်။

* * *





## ၈၇။ ထွက်ပြီးသောဆင်စွယ် ပြန်ဝင်သည်မရှိ



ဆင်များ၏ အစွယ်များသည် ထွက်ပြီးနောက် ပြန်ဝင်ခြင်းမရှိပါ။ ထို့အတူ ပြောပြီးသောစကားကို ပြန်ဖျက်၍မရနိုင်ပါ။ လုပ်ပြီးသော လုပ်ငန်းကို ပြန်မပြင်ဘဲ ဆက်လုပ်ဆောင်ပါဟု ဆိုလိုရင်းဖြစ်ပါသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## ၈၈။ ဒါနနှင့်သီလ မပါ သေခါမှသိ




ဤစကားပုံသည်လည်း ဘာသာရေးမှ လာသည့် စကားပုံပင်ဖြစ်ပါသည်။ ပေးကမ်းလှူဒါန်းမှုဆိုသည့် ဒါနနှင့် ကောင်းမွန်သည့် အကျင့်တရားဆိုသော သီလတို့ဆောင်ရွက်ထားခြင်းမရှိပါက နောင်တမလွန်ဘဝမှာ ဒုက္ခဆင်းရဲခြင်းများ တွေ့တတ်သည်ဟု ဆိုလိုရင်းဖြစ်ပါသည်။

* * *





## ၈၉။ ဒူးနေရာဒူး တော်နေရာတော်



ရှေးခေတ်နန်းတွင်းသူ နန်းတွင်းသားတို့သည် ဘုရင့်ရှေ့တော်သို့ဝင်ရောက်ခစားရာမှာ ဒူးထောက်ခစားရ၏။ တစ်ဖန် ခစားပြီးပြန်သောအခါမှာလည်း ဒူးထောက်ပြီး နောက်ဆုတ်လာပြီး တော်ရမည့်နေရာရောက်မှ မတ်တတ်ရပ်လှည့်ပြန်ရသည်။ ထိုအစဉ်အလာမှာ ဒူးနေရာမှာ ဒူးကိုသုံးရပြီး တော်ရမည့်နေရာမှာ တော်ရသည့်စုံးအတိုင်း သူ့နေရာနှင့်သူ အနေအထိုင်၊ အသုံးအနှုန်းတတ်ကျွမ်းရမည်ဟု ဆိုလိုခြင်းပင် ဖြစ်ပါသည်။

* * *

www.burmeseclassic.com



## ၉၀။ ဒုက္ခကိုအရင်းတည်မှ သုခကို ရမည်




လောကတွင် ကုသိုလ်ကောင်းမှု ရှာရာမှာလည်း ကောင်း၊ ပညာရှာရာမှာလည်းကောင်း၊ ဥစ္စာရှာရာမှာလည်း ကောင်း၊ အအိပ်၊ အစား၊ အနေအထိုင်တို့ကို ဆင်းရဲခံပြီး အပတ်တကုတ် ကြိုးစားပြုလုပ်မှ အောင်မြင်မှု သုခကို ရပေမည်။ ပင်ပန်းဆင်းရဲမှုတို့ကို အရင်းခံ၍ ကြိုးစားမှ သုခဆိုသည့် စိတ်ချမ်းသာမှု၊ ကိုယ်ချမ်းသာမှုကို ရမည်ဟု လမ်းညွှန်ချက် ပေးထားပါသည်။

* * *





## ၉၁။ ဒေါင်းမှာ အကက စောင်းမှာ ညဉ့်



ဒေါင်းသည် သားမြန်နေသည်ထက် ကမှသာ ပို၍ လှပသည်။ ထို့အတူ စောင်းကိုလည်း ဆူညံနေသည့် နေ့အချိန်မှာ တီးသည်ထက် လူခြေတိတ်ချိန်ဖြစ်သည့် ညဉ့်အချိန်မှာ တီးမှ သာယာနာပျော်ဖွယ် ပိုကောင်းပါသည်ဟု ဆိုလိုပါသည်။

* * *




www.burmeseclassic.com

www.burmeseclassic.com



## ၉၂။ ဓားကိုဖျက် ဝါးမျက် လူကိုဖျက် အရက်




ဓား၏အသွားသည် ဝါး၏အမျက်ကြောင့် ပဲ့ရွဲ့ပျက်စီးတတ်ပါသည်။ လူကောင်းလူရိုးတို့မှာလည်း အရက်သောက်ခြင်းကြောင့် ပျက်စီးတတ်ပါသည်။ အရက်သည် လူကိုပျက်စီးစေသောအရာဖြစ်သည်ဟု သတိပေးလိုသည့် စကားပုံဖြစ်ပါသည်။

* * *





## ၉၃။ ဓားခုတ်ရာ လက်ဝင်လျှို



ဓားနှင့်ခုတ်နေရာတွင် လက်ဝင်လျှိုပါက လက်ကို ဓားထိမည်မှာ သေချာပါသည်။ အခြားလူတစ်ယောက် ပြစ်မှုကျူးလွန်သည့်အကြားမှာ မိမိက ကြားဝင်ရောက်၍ ကာကွယ်ကူညီပေးမိသည့်အတွက် (မိမိမှာ အပြစ်ကင်းစင်သော်လည်း) ကြားကအပြစ်ခံရသည့်အခါမျိုးတွင် ဤစကားပုံကို နှိုင်းနှိုင်းသုံးစွဲလေ့ရှိပါသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## ၉၄။ ဓာတ်တူနှံတူဆေးဖက်ယူ နှံတူသတ်က အသေရ




ဤစကားပုံသည် အင်္ဂလိပ်ရစ်လုပ်ရပ်လမ်းမှလာသည့် စကားပုံ ဖြစ်သည်။ ပြဒါး၊ သံ စသည့်ဓာတ်များ သေစေရန် နေ့နှံတူပစ္စည်းနှင့် အနိုးသတ်မှ ဖြစ်ပါသည်။ ထို့အတူ စရိုက်တူ သဘာဝတူသည့် လူအချင်းချင်းသာ ပေါင်းဖက်တတ်သည်ကို ဆိုလိုပါသည်။

* * *





## ၉၅။ နဂါးတို့မျက်စောင်း အကြောင်းမရွေး



နဂါးတို့သည် မျက်စောင်းထိုးလိုက်လျှင် မျက်စောင်း အထိုးခံရသည့် သတ္တဝါတို့သည် လောင်ကျွမ်း၍ ပြာကျသွားနိုင်သည်ဟု ဆိုပါသည်။

အာဏာရှိသူများသည် မိမိနှင့် မသင့်သူကို အပြစ်ကြီးသည်၊ ငယ်သည် မရွေးတော့ဘဲ ဒုက္ခပေးတတ်သည်ဟု ဆိုလိုပါသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## ၉၆။ နဂိုရှိမှ နကိုင်းထွက်




မွေးဖွားလာကတည်းက ဖြစ်လာသည့်ရုပ်ကို လှပအောင် မည်သို့ပြင်ဆင်စေကာမူ အရုပ်ဆိုးသူသည် အရုပ်ဆိုးနေပေမည်။ လှသူသည်လည်း လှနေပေမည်။ နဂိုရှိသည့်အတိုင်းသာ တည်သည်ဟု ဆိုလိုရင်းဖြစ်ပါသည်။

* * *





## ၉၇။ နေရိပ်ရအောင် နေပူကစောင့်



နေရိပ်ကို အေးချမ်းသာယာမှု၊ နေပူကို ပင်ပန်းဆင်းရဲမှုဟု ယူဆရမည်ဖြစ်ပါသည်။ အေးချမ်းသာယာမှုရရှိအောင် ပင်ပန်းဆင်းရဲမှုမှာ အခြေခံ၍ ကြိုးစားရမည်ဟု ဆိုလိုပါသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## ၉၈။ နေမြင့်လေ အရှုးရင့်လေ




အခြေအနေတာစ်ရပ်သည် အချိန်ကြာလေ ပို၍ဆိုးလေ ဖြစ်သည်ကို ဤစကားပုံနှင့် ခိုင်းနှိုင်းသုံးစွဲလေ့ရှိပါသည်။ အရှုးသည် နေမြင့်လေ (ကြာလေ) ပိုဆိုးလေဟု ဆိုလိုပါသည်။

* * *





## ၉၉။ နွားကွဲ ကျားကိုက်



စည်းလုံးညီညွတ်မှု ပျက်ပြားအားနည်းသောအခါ အပြင်ရန် ဝင်ရောက်အနိုင်ယူတတ်သည်ဟု ဆိုလိုရင်းဖြစ်ပါသည်။ နွားများ အုပ်လိုက် စည်းစည်းလုံးလုံး နေစဉ်က ကျားဝင်မကိုက်ရဲသော်လည်း နွားအုပ်ကွဲနေလျှင် ကျားဝင်ရောက်ကိုက်ရဲလာတတ်သည့်သဘောပင်ဖြစ်ပါသည်။

* * *




www.burmeseclassic.com

www.burmeseclassic.com



## ၁၀၀။ နွားအို မြက်နုကြိုက်



သွားမကောင်းတော့သည့် နွားအိုကြီးများသည် နုဖတ်သည့် မြက်နုကလေးများကို ကြိုက်နှစ်သက်တတ်ပါသည်။ ထို့အတူ အသက်အရွယ်ကြီးရင့်သူ လူကြီးများကလည်း ပျိုမျစ်နုနယ်သည့် ပျိုရွယ်သူတို့ကို နှစ်သက်တတ်သည်ဟု ဆိုလိုပါသည်။

* * *





## ၁၀၁။ ပညာကား ရှေ့ ဉစ္စာကား နောက်



ငယ်ရွယ်စဉ်က ပညာရှာ၍ ကြီးမှ(ပညာတတ်မြောက်ပြီးမှ) ဉစ္စာကို ရှာပါဟုဆိုလိုရင်းဖြစ်ပါသည်။ ဉစ္စာရှာရာမှာ အတတ်ပညာတတ်ကျွမ်းမှ ပိုမိုထိရောက်နိုင်သည် မဟုတ်ပါလား။

* * *




www.burmeseclassic.com

www.burmeseclassic.com



## ၁၀၂။ ပညာမရှိ သူ၏ဝန်ထမ်း



အတတ်ပညာမရှိသူသည် ရာထူးကြီးကြီးမရနိုင်ပါ။ သူတစ်ပါးစေခိုင်းရာ တာဝန်ကိုသာ ထမ်းဆောင်ရမည့် ဝန်ထမ်းသာဖြစ်နိုင်သည်ဟု ဆိုလိုရင်းဖြစ်ပါသည်။

* * *





## ၁၀၃။ ပညာရဲရင့် ပွဲလယ်တင့်



ပညာရှိများသည် စာပေ၊ အတတ်ပညာ၊ ဗဟုသုတ ကြွယ်ဝသူများဖြစ်သည့်အားလျော်စွာ ပွဲလမ်းသဘင်များ ပေါက်ရောက်စွာဖြင့် လူများကြားတွင် ရဲရင့်စွာ စကားပြောဟောနိုင်သည်ဟု ဆိုလိုရင်းဖြစ်ပါသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## ၁၀၄။ ပညာရွှေအိုး လူမခိုး





ပစ္စည်းဥစ္စာတို့ကို လူဆိုးသူခိုးတို့ လုယက်ခိုးယူနိုင်သော်လည်း မိမိတတ်ကျွမ်းထားသည့် ပညာတည်းဟူသော ရွှေအိုးကိုမူ မည်သည့်လူဆိုး သူခိုးတမှ ခိုးယူမရနိုင်ဟု ဆိုလိုပါသည်။

* * *





## ၁၀၅။ ပညတ်သွားရာ ဓာတ်သက်ပါ



ခေါ်ဝေါ်စရာ မှည့်ခေါ်ထားသည့် ပညတ်သဘောကို တာကာယ်သဘောကလိုက်၍ ဖြစ်ပျက်တတ်သည်။ ငယ်စဉ်က လူဆိုးနာမည်ကို မှည့်ခေါ်ထားပါက ၎င်းနာမည်အတိုင်း ကြီးပြင်းလာသောအခါ ဆိုးသွမ်းနေတတ်သည့်အခါမျိုးတွင် ဤစကားပုံကို ခိုင်းနှိုင်းသုံးစွဲလေ့ ရှိကြပါသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## ၁၀၆။ ပါးစပ်က ဟလျှင် အူမအထိမြင်သည်



တစ်ဖက်သားက စကားတစ်လုံးမှ မပြောရသေးခင် ပြောမည်ဟု ပါးစပ်ကို ဟလိုက်ကတည်းက ပြောမည့်စကား၊ ကြံစည်ထားသည့် အကြံအစည်တို့ကို သိပါသည်ဟု ဆိုလိုပါသည်။

* * *





## ၁၀၇။ ပုဂ္ဂိုလ်မင်မှ တရားခံသည်



လူတို့မည်သည် မိမိက အထင်မကြီးသောသူကပြောသောစကားကို အလေးထားမည်မဟုတ်ပါ။ မိမိကအထင်ကြီးခင်မင်သည့်သူက ပြောသမျှ စကားကို မြေဝယ်မကျ နားထောင်တတ်သည့် လူ့မနောကို ဖော်ပြသည့် စကားပုံဖြစ်ပါသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## ၁၀၈။ ပျက်အစဉ် ပြင်ခဏ




အရာဝတ္ထုကိုဖြစ်စေ၊ အကျင့်စာရိတ္တကိုဖြစ်စေ ပျက်စီးနေသည်ကို မမြင်ဘဲ ထားပါက ပျက်စီးမြဲ ပျက်စီး၍ နေပေမည်။ ၎င်းတို့ကို မကောင်းဟု နားလည်သဘောပေါက်ကာ ပြင်ဆင်နေထိုင်မည်ဆိုပါက ခဏအတွင်းမှာပင် အကောင်းဖြစ်လာနိုင်သည်ဟု ဆိုလိုပါသည်။

* * *



## ၁၀၉။ ဖောင်စီးရင်း ရေငတ်



ဖောင်သည် ရေစီးကြောင်းအတိုင်းသွားသဖြင့် ၎င်း၏ ဝန်းကျင်တွင် ရေများရှိ၏၊ သို့သော် သောက်ရန်မသင့်သဖြင့် ဖောင်ပေါ်မှစီးလိုက်ပါလာသူအတွက် ရေငတ်နေသည်။ ထို့အတူ မိမိသည် အလုပ်တစ်ခုကို လုပ်နေရာမှာ ၎င်းအလုပ်မှ ထွက်သည့် ကုန်ချောများကို ကိုင်တွယ်လုပ်နေရသော်လည်း ၎င်းကုန်တို့ကို မိမိမသုံးရဘဲ နေရသည့်အခါမျိုးတွင်လည်း ဤစကားပုံကို သုံးလေ့ရှိကြပါသည်။


* * *

www.burmeseclassic.com

www.burmeseclassic.com



## ၁၁၀။ ဖွတ်ထွက်မှ တောင်ပို့မှန်းသိ



တောင်ပို့တစ်ခုကို ဘုရားအမှတ်နှင့် ကိုးကွယ်နေခဲ့ရာ ၄င်းမှ ဖွတ်တစ်ကောင်ထွက်လာသည်ကိုမြင်မှ ဘုရားမဟုတ် တောင်ပို့တစ်ခုသာဖြစ်ကြောင်း သိရသည်။ ထို့အတူ မိမိအထင်ကြီး ကိုးကွယ်နေသည့် ပုဂ္ဂိုလ်က အကျင့်ပျက်နေထိုင်မှုကို မြင်တွေ့သောအခါမှ လူဆိုးအကျင့်ပျက်ဖြစ်နေမှန်း သိရသည်ဟု ဆိုလိုပါသည်။

* * *





## ၁၁၁။ ပြောသံကြားနှင့် ဇာရားနာ



အလှူပေးရာတွင် မြန်မာတို့ ဓလေ့ထုံးတမ်းအရ ပြောဆိုင်းထည့်လေ့ရှိသည်။ တစ်နေ့သော် လူတစ်ယောက်သည် ပြောဆိုင်းတီးကိုက်နေသံကို အတော်ဝေးဝေးမှကြားရသောအခါ အလှူမှ ပြောသံထင်သောကြောင့် ကြားသောနေရာမှပင် မှန်းဆ၍ ဇာရားနာနေလေတော့၏။

ထို့အတူ မိမိသည် သေချာဂနမသိဘဲနှင့် အထင်နှင့် မှန်းဆကာ ရမ်းသန်းလုပ်သည်ကို ဆိုလိုပါသည်။

* * *




www.burmeseclassic.com

www.burmeseclassic.com



## ၁၁၂။ ဘူးကောင်းမှ စင်ခံ၊ လင်ကောင်းမှ စံ




ဘူးပင်စိုက်ရာတွင် ဘူးကောင်းမကောင်း လှေ့လာပြီး ကောင်းမှသာ စင်ခံပေးရမည်။ သို့မှသာ အကျိုးခံစားရပေမည်။ လင်ယူရာမှာလည်း မယားကို ချစ်ခင်ကြင်နာပြီး ရိုးရိုးသားသား ရှာဖွေလုပ်ကိုင်ကျွေးမည့် သူကို ရွေးချယ်ယူရမည်။ သို့မှသာ အိမ်ထောင်ရေးသာယာပြီး ချမ်းသာမှုကို စံစားရမည်ဖြစ်သည်ကို ဆိုလိုရင်းဖြစ်ပါသည်။

* * *





## ၁၁၃။ ဘုရားလည်း ဖူးရင်း လိပ်ဥလည်း တူးရင်း




ကုသိုလ်ရအောင် ဘုရားဖူးရင်း တစ်ဖက်က မိခင်လိပ်မကြီးမသိအောင် လိပ်ဥများကိုလည်း တူးသည့်သဘောပင်ဖြစ်သည်။ ကောင်းသည့်အလုပ်ကိုရှေ့ကဘန်းပြလုပ်ဆောင်ရင်း မကောင်းမှုကိုပါ တစ်ပါတည်း တိတ်တဆိတ် လုပ်ဆောင်သည့်အခါ ဤစကားပုံကို နိုင်းနှိုင်းသုံးစွဲလေ့ရှိပါသည်။

* * *

www.burmeseclassic.com



## ၁၁၄။ ဘုန်းကြီးစာချ မိကျောင်းမင်းရောက်မြဲ



စာပေကျမ်းဂန်များကို နှစ်ပေါင်းများစွာ လေ့လာဆည်းပူးသင်ကြားခဲ့သည့် ဘုန်းကြီးကို စာပြန်သင်ရန်မလိုပါ။ ရေထဲတွင် ကျက်စားနေထိုင်သည့် မိကျောင်းကို ဤသည်ကားစောက် ဤသည်ကားသောင် စသည်ဖြင့် ရေကြောင်းပြနေစရာလည်းလိုမည်မဟုတ်ပါ။

ထို့အတူ အတတ်ပညာ(လုပ်ငန်း)တစ်ခုတွင် ကျွမ်းကျင်ပြီးသည့် ပုဂ္ဂိုလ်ကိုထပ်မံ၍ လူတွင်ကျယ်လုပ်ကာ ပညာပေးရန်မလိုဟု ဆိုလိုရင်းဖြစ်ပါသည်။

* * *





## ၁၁၅။ ဘုန်းကြီးရူးနှင့် လှေလူး



ဘုန်းကြီးရူးတစ်ပါးသည် လှေဖြင့် ရေကြောင်းခရီးသွား၏။ ဘုန်းကြီးရူးကြောင့် လှေမှာ မငြိမ်ဘဲလူးနေသည်။ လှေလူးမှုသည်လည်း ဘုန်းကြီးရူး၏ စိတ်ကို ပိုလှုပ်ရှားစေကာ ပိုရူးစေ၏။ ပိုရူးသဖြင့် လှေပိုလူး၏။ လှေလူးသဖြင့် ဘုန်းကြီးကလည်း ပိုရူးလာသည်။ ထို့အတူ တစ်ယောက်ကပေါချာချာ ကျန်တစ်ယောက်ကလည်း ကျပ်မပြည့်၊ တစ်ဦးနှင့်တစ်ဦး မြှောက်ပင့်၍ ပေါင်းသင်းနေကြသည်ကို ဤစကားပုံနှင့် ခိုင်းနှိုင်းသုံးစွဲလေ့ရှိပါသည်။

* * *

www.burmeseclassic.com



## ၁၁၅။ မစားရက် လောက်တက်




မိမိအလွန်နှစ်သက်သော အစားအစာကို မစားရက်သဖြင့် သိမ်းထားရာ ရက်ကြာသောအခါ ပုပ်သိုးကာ လောက်တက်၍ ပျက်စီးရလေ၏။ မိမိနှမြောသဖြင့် မသုံးရက်ဘဲ သိမ်းထားသော ပစ္စည်းများ ပျက်စီးသွားသောအခါ နောင်တရသည်ဟု ဆိုလိုရင်းဖြစ်ပါသည်။

* * *





## ၁၁၆။ မပြည့်သည့်အိုး ဘောင်ဘင်ခတ်



ရေပြည့်နေသော အိုးကို ထမ်းရွက်ပါက ဘောင်ဘင်မခတ်ပါ။ မပြည့်သောအိုးကို ထမ်းရွက်လျှင် ဘောင်ဘင်ခတ်နေသည်ကို တွေ့ရပေမည်။ ထို့နည်းတူ အတတ်ပညာ ကျွမ်းကျင်သူ၊ အရည်အချင်းပြည့်ဝသူသည် ဝါကြွားမှုမရှိတတ်ပေ။ အရည်အချင်းမပြည့်ဝသူသည် မိမိပညာ၊ တောက်တစ်ခေါက်ကိုပင် ပညာရှင်ကြီးပမာ ဝါကြွားတတ်သည်ဟု ဆိုလိုပါသည်။

* * *




www.burmeseclassic.com

www.burmeseclassic.com



## ၁၁၈။ မရောင်ရာ ဆီလူး



ထိခိုက်ဒဏ်ရာကြောင့် နာကျင်ရောင်ရမ်းနေသည့် နေရာတွင် ပျောက်ကင်းအောင် ဆီဖလိမ်းဘဲ မရောင်သောနေရာမှာ ဆီလူးပါက အချည်းနှီးသာ ဖြစ်နေပေမည်။


လုပ်သင့်လုပ်ထိုက်သည်ကို မလုပ်ဘဲနှင့် မလုပ်သင့်သည်ကို ပြုလုပ်ပါက ဤစကားပုံနှင့် ခိုင်းနှိုင်းသုံးစွဲလေ့ရှိကြပါသည်။

* * *





## ၁၁၉။ မရှိသည့်ထက် မသိသည်ကခက်



ဉစ္စာပစ္စည်းမရှိသည်က ရှာဖွေလုပ်ကိုင်စားသောက်၍ ရနိုင်ပါသည်။ အမြော်အမြင် အသိဉာဏ်နည်းပါးသည်ကား မည်သို့မျှ ပြုလုပ်မရ။ အသိဉာဏ်ခေါင်းပါးခြင်းသည်သာ အချည်းနှီးအစစ်ဖြစ်သည်ဟု ဆိုလိုပါသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## ၁၂၀။ မိုးကြိုးပစ်ရာ ထန်းလက်နှင့်ကာ



အလွန်ပြင်းထန်သော မိုးကြိုးပစ်ရာတွင် ဘာမဟုတ်သည့် ထန်းလက်ကလေးဖြင့်ကာပါက အချည်းနှီး အကျိုးမများနိုင်ပါ။ ကြီးမားသော ပြစ်မှုဖြစ်ပွားရာတွင် ဘာမဟုတ်သည့် ဆင်ခြေသက်သက်ကလေးဖြင့် ခုခံကာကွယ်မှုပြုလျှင်လည်း အရာမရောက် အကျိုးမများနိုင်ဟု ဆိုလိုပါသည်။

* * *





## ၁၂၁။ မင်းခယောက်ျား ကမ်းနားသစ်ပင်



မြစ်ကမ်း၊ ချောင်းကမ်းစသည့် ကမ်းနားတွင်ပေါက်ရောက်သော သစ်ပင်ကြီးငယ်တို့သည် ရေတိုက်စားမှုဒဏ်ကြောင့် အချိန်မရွေး လဲကျပျက်စီးနိုင်ပါသည်၊ ထို့အတူ အစိုးရအမှုထမ်း၊ အရာထမ်းကြီးငယ်တို့သည်လည်း အလုပ်တာဝန်ထမ်းဆောင်နေရသော်လည်း တစ်နေ့ရာတည်းမှာ တာဝန်ကျမည်ဟု အာမခံချက်မရှိပါ။ အမှားပြုလုပ်မိလျှင်လည်း အချိန်မရွေး အလုပ်က ပြုတ်နိုင်ပါသေးသည်ဟု ဆိုလိုပါသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## ၁၂၂။ မျက်နှာကြီးရာ ဟင်းဖတ်ပါ




ရာထူး၊ အာဏာ၊ ငွေကြေးပြည့်ဝသည့် မျက်နှာကြီးသည့် ပုဂ္ဂိုလ်များကို လူတို့က အလေးပေး အခွင့်သာတတ်သည့် သဘောကို ဤစကားပုံနှင့် ခိုင်းနှိုင်းသုံးစွဲလေ့ရှိပါသည်။

* * *





## ၁၂၃။ မှန်ကင်းတစ်လှည့် ထင်းတစ်လှည့်



ကောင်းစားစဉ်အခါက နန်းမဆောင်အထက်က နေရသည့် မှန်ကင်းမင်ဖြစ်လင့်ကစား ဟောင်းနွမ်းပျက်စီးသောအခါ ထင်းအဖြစ် အသုံးတော်ခံရသည်။ တစ်ချိန်မှာ ကောင်းစားနေပေမယ့် တစ်ချိန်မှာ ကျရှုံးရပေမည်ဟု ဖော်ညွှန်းထားသည့် သံဝေဂစကားပုံ ဖြစ်ပါသည်။

* * *




www.burmeseclassic.com

www.burmeseclassic.com



## ၁၂၄။ မြွေမသေ တုတ်မကျိုး



မြွေဆိုးတစ်ကောင်ကို တုတ်တစ်ချောင်းဖြင့် ရိုက်သတ်ရာမှာ မြွေဆိုးလည်းသေ၊ တုတ်လည်းကျိုးစေသည့် နည်းလမ်းထက် မြွေဆိုးလည်းမသေစေရန် တုတ်လည်းမကျိုးစေရန် မြွေဆိုးကို ဒဏ်ရာပြင်းစွာရအောင် ရိုက်ရမည်ဖြစ်သည်။ ထို့အတူ နှစ်ဦးနှစ်ဖက်မှာ ထိခိုက်စေမည့်နည်းကိုရှောင်ပြီး အလုပ်လည်းဖြစ်အောင် ကျင့်သုံးသည့်နည်းကို ဆိုလိုပါသည်။ မပြတ်မသား လုပ်ဆောင်ရမည့်အခါ ဤစကားပုံကို ခိုင်းနှိုင်းသုံးစွဲလေ့ရှိပါသည်။

* * *





## ၁၂၅။ ယောက်ျားဖောင်စီး၊ မိန်းမမီးနေ



ယောက်ျားများသည် သစ်ဖောင်ဝါးဖောင်စီးလိုက်ရာတွင် အန္တရာယ်အလွန်များလှသည့်အတွက် အသက်ဘေးနှင့်နီးလှပါသည်။ မိန်းမများအတွက်လည်း မီးနေ(ကလေးဖွား)သောအခါ (ရှေးခေတ်က) အလွန်အသက်ဘေးနီးလှပါသည်ဟုဆိုလိုပါသည်။ (ယခုခေတ်တွင် ဆေးသိပ္ပံအလွန်တိုးတက်လာရကား ကလေးမွေးသည့်အလုပ်မှာ စိုးရိမ်စရာမလိုတော့ပါ)

* * *

www.burmeseclassic.com



## ၁၂၆။ ယုန် တောင်ပြေး၊ ခွေး မြောက်လိုက်



ယုန်လိုက်ရာတွင် ခွေးနှင့်လိုက်လေ့ရှိပါသည်။ ယုန်က တောင်ဘက်ပြေးသည်ကို ယုန်လိုက်ခွေးသည် မြောက်ဘက်သို့ လိုက်သဖြင့် အချည်းနှီးဖြစ်ရသည်။ ထို့အတူ မိမိ ရည်မှန်းသည်ကို မလုပ်ဘဲ အခြားအလုပ်ကိုလုပ်သည့်အခါ အဆက်အစပ်မရှိ ဖြစ်သောအခါ ဤစကားပုံကို ခိုင်းနှိုင်းသုံးစွဲလေ့ရှိပါသည်။

* * *





## ၁၂၇။ ရာဇဝတ်ဘေး ပြေးမလွတ်



ပြစ်မှုကျူးလွန်မိသူတစ်ယောက်သည် မည်သို့သောနည်း၊ မည်သည့်အရပ်သို့ ထွက်ပြေးတိမ်းရှောင်နေစေကာမူ အုပ်ချုပ်မှု အစိုးရလက်က လွတ်နိုင်မည်မဟုတ်ဟု ဆိုလိုပါသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## ၁၂၈။ ရေနစ်သူ ဝါးကူ၍ထိုး




ရေနစ်နေသူတစ်ဦးကို ကမ်းပေါ်က လူတစ်ယောက်က ကယ်ဆယ်လိုသောသဘောဖြင့် ဝါးလုံးတစ်လုံးဖြင့် ထိုးပေးသော်လည်း ကယ်တင်ရာမရောက်ဘဲ ရေနစ်နေသူကို ပိုမိုရေနစ်အောင် နှစ်သတ်နေသည့်အနေအထားမျိုးဖြစ်နေသည်။ ထိုနည်းတူစွာ ဒုက္ခရောက်နေသူအား ကယ်တင်သည့်အခါ ကယ်တင်ရာမရောက် ပို၍ဒုက္ခရောက်အောင် ပြုလုပ်ပေးနေသကဲ့သို့ ဖြစ်သောအခါ ဤစကားပုံကို သုံးနှုန်းခိုင်းနှိုင်းလေ့ရှိပါသည်။

* * *





## ၁၂၉။ ရွာနားက ဘုရား ရွာသားမရိုသေ




မိမိနှင့်ရင်းနှီး၍ အစဉ်ထိတွေ့နေရသူအား အထင်မကြီး စိတ်ဝင်စားမှု နည်းတတ်သည်။ မိမိနှင့်မရင်းနှီးသည့် ပုဂ္ဂိုလ်ကို အထင်ကြီးတတ်သည့် လူ့သဘာဝကို ဤစကားပုံဖြင့် ခိုင်းနှိုင်း ပြောလေ့ရှိပါသည်။

* * *

www.burmeseclassic.com



## ၁၃၀။ ရွှေပင်နားတော့ ရွှေကျေး




ဂုဏ်သရေရှိသော အသိုင်းအဝိုင်းထဲသို့ ရောက်ရှိနေလျှင် ၄င်းတို့၏ အရှိန်အဝါကြောင့် မိမိလည်း ၄င်းအသိုင်းအဝိုင်းအတိုင်း ဂုဏ်သရေတိုးတက်လာနိုင်ကြောင်း ဆိုလိုပါသည်။ အပေါင်းအသင်းကိုကြည့်၍ ပေါင်းသင်းရန် သတိပေးလမ်းညွှန်ချက်ပေးသည့် စကားပုံဖြစ်ပါသည်။

* * *





## ၁၃၁။ လသာတုန်း ဗိုင်းငင်



ရှေးခေတ် လျှပ်စစ်မီးမပေါ်ခင်က လသာသည့် ညဦးမျိုးတွင် လရောင်ဖြင့် ဗိုင်းငင်လေ့ရှိကြပါသည်။ အချိန်နှင့်အခွင့်အရေးတို့ ရရှိခိုက်မှာ အလုပ်ကို ကြိုးစားလုပ်ပါဟု ဆိုလိုရင်းဖြစ်ပါသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## ၁၃၂။ လူတွင်ပါ၍ နွားကျားကိုက်



တောထဲသို့သွားသောအခါ လူက နွားများကို ခေါ်သွားသည်။ ထို့ကြောင့် နွားကို ကျားအကိုက်ခံရသည်။ လူခေါ်၍သာ ကျားအကိုက်ခံရခြင်း ဖြစ်သည်။ ဖြစ်ပျက်မှုအားလုံးသည် မိမိ၏ ပယောဂကြောင့်ဖြစ်သည်ဟု ဆိုလိုရင်းဖြစ်ပါသည်။

* * *





## ၁၃၃။ လူမတာန် ကံချ



မိမိကိုယ်တိုင်က လုံ့လ၊ ဝီရိယ၊ ဖွဲ့တို့ဖြင့် အလုပ်ကို ကြိုးစားဆောင်ရွက်ခြင်းမရှိဘဲ လုပ်ငန်းမအောင်မြင်သည့်အခါ မိမိ၏ အသုံးမကျမှုမဖော်ပြဘဲ ကံမကောင်း၍သာဖြစ်ရသည်ဟု ကံကိုလွှဲချသည်ကို ဆိုလိုရင်းဖြစ်ပါသည်။

* * *




www.burmeseclassic.com

www.burmeseclassic.com



## ၁၁၄။ လယ်ထွန်သွား နွားမေ့




လယ်ထွန်ရာမှာ နွားနှင့်ထွန်ရ၏။ လယ်ထွန်ရာမှာ အဓိကကျသည့် နွားမေ့ကျန်ရစ်သဖြင့် အချိန်ကုန်လူပန်း အလုပ်မဖြစ်ဖြစ်ရသည်။ အလုပ်အတွက် ယူရမည့်ပစ္စည်း မေ့ကျန်သည့်အခါ ဤစကားပုံကို နိုင်းနှိုင်းသုံးစွဲလေ့ရှိပါသည်။

* * *





## ၁၁၅။ ဝမရှိဘဲ ဝိမလုပ်နှင့်



ပင်မအက္ခရာ ဝ-လုံး မရှိလျှင် ( ါးကြီးတင်တစ်လုံးတည်းနှင့် ဝိဖြစ်လာမည်မဟုတ်ပါ။ ထိုနည်းတူစွာ မိမိတွင် ပင်ကိုအရည်အချင်းမရှိပါဘဲလျက် ပညာ( ေ၁တ်၊ ပညာရှိကြီးဟန်လုပ်၍ ရနိုင်မည်မဟုတ်။ အလားတူပ ် မိမိမှာပစ္စည်းငွေကြေးနေ ပြည့်စုံမှုမရှိဘဲ သူဌေးကြီးဟန်ဆော ်ပါကလည်း မဖြစ်နိုင်ပါဟု ဆိုလိုပါသည်။

* * *




www.burmeseclassic.com

www.burmeseclassic.com



## ၁၃၆။ ဝါးလုံးခေါင်းထဲ လသာ




မည်သူမျှ အကျိုးမပြုဘဲ ဝါးလုံးခေါင်းထဲမှ လမင်းသာနေသော်လည်း အချည်းနှီးသာဖြစ်ပေမည်။ အရေးမပါ အရာမရောက်သော နေရာကလေးမှာ မိမိအစွမ်းဂုဏ်ကို ဖော်ပြနေခြင်းမှာလည်း အချည်းနှီးပင် ဖြစ်သည်။ မိမိ အစွမ်းကို အများရှေ့၌သာ ဖော်ပြသင့်သည်ဟု ဆိုလိုရင်းပင် ဖြစ်ပါသည်။

* * *





## ၁၃၇။ ဝန်နှင့်အား လေးနှင့်မြား



ဖန်ထုပ်ဝန်ပိုး(အလေး)ကို သယ်ဆောင်ရာမှာ(စွမ်းအင်)အားရှိသမျှအတိုင်းအတာ တစ်ခုအထိသာ သယ်ဆောင်နိုင်မည်ဖြစ်ပါသည်။ လေးတစ်စင်းကလည်း အတိုင်းအတာတစ်ခုအထိရှိသည့် မြားတစ်စင်းကို အကွာအဝေးတစ်ခုအထိသာ ပစ်နိုင်စွမ်းရှိပေမည်။ ထို့အတူ လောကကြီးမှာ သူ့အစွမ်း သူ့အင်အားရှိသာ တာဝန်ထမ်းဆောင်နိုင်မည်ဟု ဆိုလိုရင်းဖြစ်ပါသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## ၁၃၈။ သမီးပေးမှ သားမက်ရ




သားမက်ရလိုပါက အရင်းအနှီးအဖြစ် သမီးကိုပေးမှ ရနိုင်ပေမည် ဖြစ်ပါသည်။ ထို့အတူ ရလိုမှုဟူသမျှအတွက် အတိုင်းအတာတစ်ခုအထိ အရင်းအနှီး (သို့မဟုတ်) စွန့်လွှတ်မှု တစ်စုံတစ်ရာပေးမှ ရနိုင်သည်ဟု ဆိုလိုရင်းဖြစ်ပါသည်။

* * *



## ၁၃၉။ သမီးတစ်ကောင် နွားတစ်ထောင်



နွားကောင်ရေ တစ်ထောင်ကို ထိန်းသိမ်းကျွေးမွေး စောင့်ရှောက်ရသည့် ဒုက္ခသုက္ခသည်မျ းပြားလှပါသည်။ ထို အတိုင်းအတာမျှ တာဝန်ကြီးသည်မှာ မိ ၏ သမီးတစ်ယောက် ကို ထိန်းကျောင်းကျွေးမွေးစောင့်ရှော ခဲ့သည်ဟု ဆိုလိုပါ သည်။ သမီးတစ်ယောက်မွေးရသည့် ဒု ္ခ၏ အတိမ်အနက်ကို နွားတစ်ထောင်ထိန်းရသည့် ဒုက္ခနှင့် နှိုင်းယှဉ်ဖော်ပြထားသည့် စကားပုံပင်ဖြစ်ပါသည်။

* * *

www.burmeseclassic.com



## ၁၄၀။ သူခိုးပြေးမှ ထိုးကွင်းထ



ထိုးကွင်းမင်ကြောင်ထိုးထားသည့်သူတစ်ယောက် သူခိုး အိမ်တွင်း ရှိနေစဉ်က ဘာမှမလုပ်ဘဲ သူခိုးပြေးမှ ထိုးကွင်းမှ ဆေးထကာ အော်ဟစ်ကြိမ်းမောင်း၍ အစွမ်းပြသည်။ ၄င်း ပုံအတိုင်း အန္တရာယ်ကျရောက်စဉ်က ငြိမ်နေပြီး အန္တရာယ်ကင်း ဝေးမှ ကြွားဝါပြောဆိုနေသည်ကို ပုံနှိုင်း၍ ဤစကားမိုကို သုံးလေ့ရှိကြပါသည်။

* * *





## ၁၄၁။ သူတစ်ပါးမနာလို ကိုယ်အကျိုးမရှိ



သူတစ်ပါးအဆင်ပြေနေသည်ကို မနာလိုခြင်းလောက် မိမိအကုသိုလ်ကို မိမိရှာဖွေရာမှာ အကြီးမားဆုံးဖြစ်သည်။ သူတစ်ပါးကောင်းစားနေသည်ကို အရည်ရ အဖတ်မရ သက် သက် မနာလိုမှုနှင့် စိတ်ဆင်းရဲနေခြင်းသည် မိမိအတွက် အကျိုးမရှိရုံမက အကျိုးသာမဲ့စေနိုင်သည် ကို ဆိုလိုရင်းဖြစ်ပါ သည်။

* * *




www.burmeseclassic.com

www.burmeseclassic.com



## ၁၄၂။ သေချင်သည့်ကျား တောပြောင်း



ဤစကားပုံသည် တစ်ရွာမပြောင်း သူကောင်းမဖြစ် ဆိုသည့် စကားပုံနှင့် ဆန့်ကျင်ဘက်ဖြစ်ပါသည်။ မိမိနေရင်းဒေသမှ တစ်ရပ်တစ်ကျေးသို့ ပြောင်းရွှေ့၍ စီးပွားရေးရှာကြံရာတွင် စီးပွားမဖြစ်ဘဲ ဒုက္ခနှင့် ရင်ဆိုင်သောအခါ ဤစကားပုံကို နှိုင်းနှိုင်းသုံးစွဲလေ့ ရှိကြပါသည်။

* * *





## ၁၄၃။ သစ်ကောက်ဝါးကောက် ကို မြင်နိုင်သည် လူကောက်ကို မမြင်နိုင်



သစ်ကောက်ဝါးကောက်နေသည်ကို သာမန်မျက်စိနှင့်ပင် မြင်နိုင်ပါသည်။ သို့သော် လူ၏ ဖော်ထားကောက်သည်၊ ဖြောင့်မတ်သည်ဟူ၍ကား မြင်ရုံနှင့် ခန့်မှန်းနိုင်ပါဟု ဆိုလိုပါသည်။

* * *




www.burmeseclassic.com

www.burmeseclassic.com



## ၁၄၄။ ဟင်းစားကြက်မှာမှ အတက်ကောင်းပေါက်



ဟင်းစားကြက် (အသားစားကြက်)သည် တိုက်ကြက် မဟုတ်သဖြင့် စိတ်ဓာတ်ရေးရာ၊ တိုက်ခိုက်မှုဆိုင်ရာ အစွမ်း နည်းပရိယာယ်တို့ မတတ်ကျွမ်းနိုင်ပါ။ ၎င်းကြက်မှာမှ အတက် ကောင်း ပေါက်နေသော်လည်း မည်သို့မှ အကျိုးမဖြစ်နိုင်ပါ။ အမှန်တကယ်လိုသော နေရာမှာ လိုအပ်ချက်မရဘဲ မလိုသော နေရာမှာ ပြည့်စုံနေသည့်အခါမျိုးတွင် ဤစကားပုံကို ခိုင်းနှိုင်း သုံးစွဲလေ့ရှိပါသည်။

* * *





## ၁၄၅။ ဟောင်လွန်းသည့်ခွေး (လ)မလေး



လူလာတိုင်း ဟောင်နေသည့်ခွေးသည် တကယ်တမ်း ကိုက်သည့်ခွေး မဟုတ်နိုင်ပါ။ ထို့ကြောင့် ဟောင်လွန်းသည့် ခွေးကို လူတို့က တကယ်မကိုက်တတ်မှန်းသိသဖြင့် မလေး နက်ဘဲ ကြောက်ရွံ့ခြင်းမရှိတတ်ပါ။ ထို့အတူ နေရာတကာမှာ လူစွာလုပ်သောသူကိုလည်း လူတို့က အသင်မကြီးတတ်ပါဟု ဆိုလိုရင်း ဖြစ်ပါသည်။

* * *




www.burmeseclassic.com

www.burmeseclassic.com



## ၁၄၆။ အကွပ်မဲ့ကြမ်း ပရမ်းပတာ




ကြမ်းတစ်ချောင်းချင်းကို ထိန်းကွပ်ထားသည့် အကွပ်မရှိသည့်ကြမ်းများသည် စနစ်တကျမရှိ ပရမ်းပတာဖြစ်ချင်သလိုဖြစ်နေပေမည်။ ထို့နည်းတူစွာ စည်းကမ်းဆိုသည့် အထိန်းမရှိသည့် သူတို့သည် စည်းမဲ့ကမ်းမဲ့ပျက်စီးနေမည်ဟု စည်းကမ်းရှိရန် သတိပေးလိုသည့်သဘောပင် ဖြစ်ပါသည်။

* * *





## ၁၄၇။ အစားမတော် တစ်လုတ်



လူသားတို့သည် အာဟာရဖြစ်သည့် အစာကို မလွဲမသွေ စားကြရမည်ဖြစ်ပါသည်။ ဤသို့စားရာမှာ မိမိနှင့် မသင့်သောအစာ (အန္တရာယ်ဖြစ်စေမည့်အစာ) များကို မဆင်မခြင် တစ်လုတ်ကလေးစားရုံမျှနှင့်ပင် ဒုက္ခပေးနိုင်ပါသည်။ မိမိအတွက် အန္တရာယ်ဖြစ်မည်ဆိုလျှင် အနည်းငယ်မျှပါဟုဆိုကာ စားခြင်း(လုပ်ခြင်း)များ မပြုလုပ်ပါနှင့်ဟု ဆိုလိုပါသည်။

* * *




www.burmeseclassic.com

www.burmeseclassic.com



## ၁၄၈။ အဆိပ်ပင် ရေလောင်း




လူအများကို အကျိုးမပြုသည့်အပြင် အန္တရာယ်ပေးနိုင်သည့် အဆိပ်ပင် (ဘိန်း၊ ဆေးခြောက်ပင်မျိုး)ကို ရှင်သန်ကြီးထွားအောင် ရေလောင်းမပေးသင့်ပါ။ ထိုနည်းအတိုင်း မိမိအတွက်တိုင်းပြည်အတွက် အကျိုးမပြုသည့်အပြင် ဒုက္ခပေးမည့်သူကို အားပေးအားမြှောက်စေမည့် ထောက်ပံ့ခြင်း (စကားဖြင့်ပင် အကူအညီပေးခြင်း)မျိုး မပြုသင့်ဟု ဆိုလိုပါသည်။

* * *





## ၁၄၉။ အတုမြင် အတတ်သင်



လူသားတို့သည် စုးစမ်းတတ်သည့် သဘောရှိကုန်၏။ ဤသို့စူးစမ်းရင်းနှင့် မိမိအထင်ကြီးသူ၏ စရိုက်အကျင့် အပြုအမူတို့ကို အတုခိုးတတ်ကြသည်။ ဤသို့အတုခိုးရာတွင် မကောင်းမှုကို အတုမခိုးမိဖို့၊ ကောင်းသည့်အကျင့်တို့ကို အတုယူတတ်ရန် လိုအပ်သည်ဟု လမ်းညွှန်ဆိုလိုပါသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## ၁၅၀။ ဥပါဒါန်ကြောင့် ဥပဒ်ရောက်



ဥပါဒါန်ဆိုသည့် အစွဲအလမ်းသည် အလွန်ကြောက်စရာကောင်းသည်။ တစ်စုံတစ်ခုတော့ဖြစ်တော့မည်ဆိုသည့် ဥပါဒါန်အစွဲကြောင့် ကြောင့်ကြမှုဖြစ်ကာ စိတ်ဆင်းရဲရသည်။ ၎င်းကြောင့်ကြမှုကြောင့် အန္တရာယ်ကို ဖိတ်ခေါ်သလိုဖြစ်ကာ ဥပါဒ်ရောက်ရတော့၏။ ဤစကားပုံသည် အစွဲကြောင့် ဒုက္ခဖြစ်ရသည်ကို သတိပေးဖော်ညွှန်းလိုရင်း ဖြစ်ပါသည်။

* * *





## ကျမ်းကိုးစာရင်း


၁။ မန်လည်ဆရာတော်ဘုရားကြီး၏ 'မဟာသုတကာရီ မဃဒေဝလင်္ကာသစ်'

၂။ ကျည်းကန်ရှင်ကြီး၏ 'ကျည်းကန်မေတ္တာစာ'

၃။ နေရှတ္တမဘွဲ့ခံ ပါဠိဆရာကြီးဦးထွန်းကြိုင်၏ 'စကားပုံသုံးထောင်'

၄။ မဟာသမာ စာတည်းအဖွဲ့ပြုစုသည့် 'စကားပုံပဒေသာ'

၅။ ဒေါ်သောင်းရွှေ (ကျောင်းအုပ်ဆရာမကြီး)၏ 'မြန်မာစကားပုံညွန့်ပေါင်း'

၆။ ဆရာဦးစိုးဝင်း၏ 'မြန်မာစကားပုံပေါင်းချုပ်'

၇။ မန္တလေး ဦးဝင်းဆိုင်၏ 'စကားပုံတစ်ရာ ပုံတစ်ရာ'

၈။ အောင်မြတ်သိန်း၏ 'လက်ရွေးစင်မြန်မာစကားပုံပေါင်းချုပ် (အဓိပ္ပာယ်)'


* * *



www.burmeseclassic.com

www.burmeseclassic.com



## စကားကြီးဆယ်မျိုး

မြန်မာတို့သည် စကားပြောဆိုရာတွင် စကားကို အပိုင်အနိုင်ပြောနိုင်ရန်အတွက် နည်းစနစ်ဆယ်မျိုးရှိပါသည်။ ၄င်းစကားကြီးဆယ်မျိုးကို သူ့နေရာနှင့်သူ အကွက်ကျကျ သုံးစွဲတတ်ပါက မိမိနှင့်စကားယှဉ်ပြိုင်ပြောသူအား အနိုင်ရနိုင်မည်ဖြစ်ပါသည်။

### ၁။ ရေကူးညာတင်ပြောနည်း

မြစ်တစ်ဖက်ကမ်းမှ မိမိကူးလိုရာ အခြားတစ်ဖက်ကမ်းသို့ ကူးလိုပါက မြစ်ညာမှ တင်ကူးပြီး ရေစီးအဝိုင်းစုန်၍ လိုရာကမ်းသို့ တင်အောင်ကူးသကဲ့သို့ စကားပြောရာမှာလည်း မိမိဆိုလိုရင်းစကားကို တင်အောင် အထက်က တင်ကူး၍ပြောနည်းကို ရေကူးညာတင်ပြောနည်းဟု ခေါ်ပါသည်။





### ၂။ ကောက်ပင်ရိတ်လှီးပြောနည်း

ကောက်ပင်များကို လက်တစ်ဖက်နှင့် ကျပ်ကျပ်ဆုပ်ကိုင်ပြီး အရင်းမှတံစဉ်ဖြင့်ဖြတ်၍ လက်တွင်းဝင်သမျှ ကောက်ပင်နှင့်အတူ စပါးဝါရရှိသကဲ့သို့ တစ်ဖက်သူ၏စကားကို အမိအရမိအောင် ဖမ်း၍ပြောဆိုပြီးလျှင် ကိုယ်ပိုင်အောင် ပြောဆိုနည်းကို 'ကောက်ပင်ရိတ်လှီးပြောနည်း' ဟု ဆိုကြပါသည်။

### ၃။ ရေစီးဖောင်ဆန်ပြောနည်း

ဖောင်ကြီးဖြင့် မြစ်ညာသို့ ဆန်သောအခါမှာ မိမိတင်လိုသည့် ပစ္စည်းများကို တင်၍ ဖြည်းညင်းစွာ ဆန်သွားလျှင် လိုရာခရီးသို့ရောက်ပြီး လိုအင်ဆန္ဒတို့ကို သုံးဆောင်ရရှိ၍ ချမ်းသာကိုရသကဲ့သို့ စကားပြောဆိုရာတွင်လည်း ခြေသိမ်းခေါင်းဖိုက်၊ ဥပမာ၊ ဥပမေယျတို့နှင့် လိုရင်းရောက်အောင်ပြောသောစကားကို 'ရေစီးဖောင်ဆန်ပြောနည်း' ဟု ခေါ်ပါသည်။

### ၄။ အိုးတန် ဆန်ခတ်ပြောနည်း

အိုးနှင့်ဆန်သည် တန်အောင်ချက်ပါက နူးနူးနပ်နပ်ကောင်းမွန်စွာ သုံးဆောင်ရသကဲ့သို့ စကားပြောရာတွင်လည်း မယုတ်မလွန်သော၊ သင့်တင့်လျောက်ပတ်သော စကားတို့နှင့်ပြောသောနည်းကို 'အိုးတန်ဆန်ခတ်ပြောနည်း' ဟု ခေါ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၅။ ဆီပွတ် ကျည်ပွေ့ပြောနည်း

ဆီကို ကြိတ်ပွတ်ရာတွင် ကျည်ပွေ့ဖြင့် အထပ်ထပ် အကြိမ်ကြိမ်ပွတ်ပါက ဆီကြည်ထွက်၍ စားသောက်ရသကဲ့သို့ စကားပြောဆိုရာတွင်လည်း မိမိအလိုရှိသည့် စကားရရှိအောင် ထပ်ခါတလဲလဲ ပြောဆိုသည့်နည်းကို 'ဆီပွတ်ကျည်ပွေ့ပြောနည်း' ဟုခေါ်သည်။

## ၆။ ဆင်ဇော့ရန်ရှောင်ပြောနည်း

ဆင်တို့မည်သည် အင်အားကြီးမားလှ၏။ ဆင်ထိုးဇော့တော့မည်ဆိုလျှင် ခံနိုင်ဖွယ်မရှိ။ ဘေးအန္တရာယ်များလှသည့် အလျောက် တိမ်းရှောင်နေမှသာ ရန်မှလွတ်မည်ဖြစ်သကဲ့သို့ စကားပြောရာတွင်လည်း မိမိသို့ကျရောက်မည့်စကား၊ ထိခိုက်မည့် စကားတို့ကို ရှောင်လွှဲ၍ ပြောဆိုနည်းကို 'ဆင်ဇော့ရန်ရှောင်ပြောနည်း' ဟုခေါ်၏။

## ၇။ တောင်သူယာခုတ်ပြောနည်း

တောင်သူတို့ ယာခုတ်ရာတွင် တောချုံစသည့် သစ်ပင်ငယ်တို့ကို ပထမစင်ကြယ်အောင် ခုတ်လှဲပြီးမှ သစ်ပင်ကြီးများကို လှဲချသကဲ့သို့ စကားပြောရာတွင်လည်း စကားငယ် အသေးအဖွဲ့တို့ကို ပထမပြောပြီးမှ စကားကြီး အရေးကြီးသည့် စကား





တို့ကို ဖြို၍ပြောသည့်နည်းကို 'တောင်သူယာခုတ်ပြောနည်း' ဟုခေါ်ပါသည်။

## ၈။ ကြက်ဆုတ်ခွပ်ပစ်ပြောနည်း

တိုက်ကြက်တို့သည် ခွပ်နေစဉ် နောက်သို့ဆုတ်ဟန်ပြု၍ ခွပ်သောအခါမှသာ စီး၍ခွပ်သကဲ့သို့ စကားပြောရာတွင်လည်း သူတစ်ဖက်သား၏အလိုကို လိုက်တန်လျှင်လိုက်၍ အထက်စီးမှ ရသောအခါကျမှ စီး၍ပြောသောနည်းကို 'ကြက်ဆုတ်ခွပ်ပစ်ပြောနည်း' ဟု ခေါ်ပေသည်။

## ၉။ ရေစစ်ကရား ရေသွားသောသွင်ပြောနည်း

ရေစစ်သောကရားကို ရေတွင်နှစ်ပြီး ရေပြည့်ပါက ကရား၏အပေါက်ကို လက်ဖြင့် ပိတ်၍ယူလျှင် ရေမထွက်နိုင်သကဲ့သို့ စကားပြောရာတွင်လည်း ဘစ်ဖက်သားစကားကို ပိတ်မိအောင် ပြောသောနည်းကို 'ရေစစ်ကရား ရေသွားသောသွင်ပြောနည်း' ဟု ခေါ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



**၁၀။ ခက်တင်မောင်းနှင်းပြောနည်း**

သူတစ်ပါးစကားကို ဟုတ်သည်လည်းမဆို၊ မဟုတ်ဟုလည်းမငြင်း မစောင်မကျပြောသောစကားပြောနည်းကို 'ခက်တင်မောင်းနှင်းပြောနည်း' ဟုခေါ်ပါသည်။

* * *





## ဖျက်စု၊ ခက်စု၊ ခဲစု စကားပုံများ

ဤစကားပုံများကို ၁၂၅၆ ခုနှစ်တွင် ကွယ်လွန်ခဲ့သော ဆရာတော် ဦးဝဏ္ဏိတမြစုခဲ့သည်ဟု ဆိုပါသည်။ ဤစကားပုံများသည် (လောကနီတိ)လူ့ဘဝ၏ လမ်းညွှန်ချက်များသာ ဖြစ်ပါသည်။

**ဖျက်စု စကားပုံများ**

၁။ ဘုရားကိုဈျက် ဩဘာသင်ဖျက်
၂။ မြစ်မရေနက် သောင်ပြင်ဖျက်
၃။ မင်းမင်ကောင်းလျှက် မင်းမြှောင်ဖျက်
၄။ လက်ဆုံစား မယားကောင်းလျက် အမြှောင်ဖျက်
၅။ လက်ဆက်တက္ကလှေကောင်းလျက် ဒီပိုးဖျက်
၆။ ကညာဖြူရှ ဏ္ဍုတ္တိယ ရုပကောင်းလျက် ဆံထုံးဖျက်
၇။ မမွေးသတ်တရားရှိပါငြား တိမ်းပါး၍ကွက် လက်ဆောင်ဖျက်



www.burmeseclassic.com

www.burmeseclassic.com



၈။ သီလငါးပါးကျင့်ဆောင်ကြား တိုးပွားရန်မက်လောဘဖျက်
၉။ သုခမိန်ဟုကျော်ရှိန်နှံ့သိ ပညာရှိ ကြီးဘီအမျက်ဒေါသ ဖျက်
၁၀။ ရဟန်းတရားကျင့်မှုအားလျက် အစားဖျက်
၁၁။ တိုက်စည်တိုက်ကျ ထုတ်ချောက်စသည် နိုင်လှုပါလျက် ပေါင်းကွပ်ဖျက်
၁၂။ ပဋ္ဌင်တူရိယာနှံ့ခရာ သာယာချင်လျက် လင်းကွင်းဖျက်
၁၃။ လက်သင်ရှော်ကား ပေါ့လေကြားလည်း ရှေ့သားကောင်း လျက် အမဲ့ဖျက်
၁၄။ ဘောဇဉ်ငါးဖြာ အရသာ တောင်းချင်ပါလျက် ဆားငန် ဖျက်
၁၅။ ဆီမီးတန်ဆောင်ဝင်းဝင်းပြောင် တောက်လောင်ပါလျက် လေချိုးဖျက်
၁၆။ သူကောင်းသား မူကောင်းထားလျက် အပေါင်းဖျက်

ခက်စုစကားပုံများ

၁။ သူ၏ကျေးဇူး အထူးရှိလျက် သိမည်ခက်
၂။ ဗြည့်သည်ညည့်နက် အအိပ်ခက်
၃။ တင်ပေဖူးသည့် ကျေးဇူးရှိလျက် အဆပ်ခက်
၄။ ပေးလေပြီးလျက် အယူခက်





၅။ ရန်သူရှိလျက် အနေခက်
၆။ ရှင်ဆိုင်တွေ့လျက် အပြေးခက်
၇။ သင်အံလေ့ကျက် စာလျှင်ခက်
၈။ ကုံ့ကူကျောက်ထွက် အရေးခက်
၉။ ကြောက်လန့်ပြေးတက် အဆင်းခက်
၁၀။ သန္ဓေပြည့်နှက် ဆေးကုခက်
၁၁။ ခရီးရှည်မြတ် အသွားခက်
၁၂။ တံတားအိုပျက် အပြင်ခက်
၁၃။ ပက်ဖယ်လှေပျက် အထိုးခက်
၁၄။ သူခိုးသူပျက် အပေါင်းခက်
၁၅။ သက်ယော်ချောင်းပျက် အပြင်ခက်
၁၆။ သားမြေးဆိုးလျက် အစွန့်ခက်
၁၇။ မြစ်သုံးပါမှန်းထားရေစက် အသွန်ခက်
၁၈။ ဆူးကြောင့်တံသင်း ကျုံးတွင်ပြည့်နက် အတိုက်ခက်
၁၉။ အသားမည်းနက် အဆင်ခက်
၂၀။ ဆိုးသတင်းကို သားချင်းရှိလျက် အပြောခက်
၂၁။ အမိအဖယောက္ခမ ပြင်းပြနိုက်ထက် အဆိုခက်
၂၂။ နားမင်းသူ သုံးလူရှင်လျက် အဟောခက်
၂၃။ ကြိုက်လှသောအား သူ့မယားကို လင်သားရှိလျက် အလှည့်ခက်

www.burmeseclassic.com



၂၄။ ပစ်ခွာခဲ့လျက် အပြီးခက်

၂၅။ လှေငယ်လှောက်လက် အကူးခက်

၂၆။ သင်ဖြူးပြင်ထက် အနှင်းခက်

## ခဲစုစကားပုံများ

၁။ လူအဖြစ် စင်စစ်မလွဲ ရမည်ခဲ။

၂။ ရဲပြားပါလျက် အင်္ဂါပြည့်ဝပုရိသမှုချမလွဲ ရမည်ခဲ။

၃။ ပုရိသစစ်လင့်ကစား မြတ်တရား တိုးပွားနက်နဲ သိမည်ခဲ။

၄။ သိငြားပါလည်း ပျက်ချော်လွဲ ဖော်မည်ခဲ။

၅။ ဖော်ပါငြားလည်း ရှေ့နောက်စိတ်ထဲ တက်မည်ခဲ။

၆။ အဂတိလေးပါး ဤတရားကို ရှောင်ရှားလွဲခဲ ကျင့်မည်ခဲ။

၇။ ဘုရင်မင်းက မှူးမတ်စသည့် ပြည်မသူများ မတရားက တိုင်းကားပြည်ထဲ သာမည်ခဲ။

၈။ ဝေဘူလတောင်ဖျား ပတ္တမြားကို စွန့်ထားနှံပေါ် နှစ်တုံ့ သော်လည်း တဖော်လှွန်ကဲ သစ်မည်ခဲ။

၉။ မညာအထူး ဂုဏ်လွန်ကျူးနှင့် ကျေးဇူးရှိမူ ထိုသသူအား ခေါင်းပါးဆင်းရဲ ရှိမည်ခဲ။





# ဖိုးသူတော်ဦးနု၏စကားပုံများ

စာဆိုတော် ဖိုးသူတော်ဦးနုကလည်း 'မြန်ဇမ္ဗူပေါ်၊ ဉာဏ်မှူမြောက်သည်၊ သူတော်ကျွန်ုပ်၊ နား၏တန်ဆာ၊ နားဝင်သာအောင်၊ လင်္ကာပုဒ်ဖြင့်၊ အာလုတ်ချိုမြ၊ စကားမုံသရုပ်၊ အမျိုးဆုတ်ပြီးလျှင်၊ အချုပ်ကိုပြခဲ့မည် … ' ဟူ၍ စကားပုံများနှင့် ဘဝ၏လမ်းညွှန်မှုများ ပြုခဲ့ပါသည်။

၁။ ဗုဒ္ဓဆာယာကိုတွယ်ရမည် ရုပ်လှတာကိုဖယ်ရမည်။ ဗုဒ္ဓဆာယာကိုတွယ်မှ အေးမြမည်။ ရုပ်လှတာကိုမဖယ်မှ ဘေးပကွာမည်။

၂။ သေရည်ကိုမသောက်နှင့်၊ ရေကြည်ကိုမနှောက်နှင့်။ သေရည်ကိုသောက်က အပါယ်ဘုံသို့ကျတတ်သည်။ ရေကြည်ကိုနှောက်က -အနည်အမှုန်ထတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



၃။ ထင်တိုင်းလည်း နှိမ်၍မဆိုနှင့်၊ ဝင်တိုင်းလည်း သိမ်မမျို နှင့်။

ထင်တိုင်းနှိမ်၍ဆိုက ရန်အသွယ်သွယ်များတတ်သည်။ ဝင်တိုင်းသိမ်၍မျိုက အန္တရာယ်အမှန်များတတ်သည်။

၄။ ဂေါဏမံသကိုလည်းမစားနှင့်၊ ကောဓခြံရံကိုလည်း မပွား နှင့်။

ဂေါဏမံသကိုစားက မိဘသဖွယ်ဖြစ်ပေသည်။ ကောဓ ခြံရံကိုပွားက အဓိကာရ အပါယ်နစ်ချေသည်။

၅။ အယုတ်တရားကို အလိုမရှိနှင့်၊ မဟုတ်စကားကိုမဆိုဘိ နှင့်။

အယုတ်တရားကို အလိုရှိက ဘဂဝါ၏စကားကိုပယ်ရာ ကျချေသည်။ မဟုတ်တရားကို ဆိုဘိက သမာဓိတရားကို ကွယ်ရာကျပေသည်။

၆။ မြူသလိုပုံနှင့်ကလေးကိုမစနှင့်၊ လူကိုယုံသဖြင့် အကြွေး ဆိုမချနှင့်။

မြူသလိုပုံနှင့်ကလေးကိုစက ကလေးအမိုက်မို့ ဆဲတတ် သည်။ လူကိုယုံသဖြင့် အကြွေးဆိုချက အရေးမစိုက်သမို့ မွဲတတ်သည်။

၇။ အမျိုးယုတ်သူ အဆင်းလှလျှင် သတိထား၊ တန်ခိုးနုပ်သူ ထမင်းဝလျှင် မကျီစားနှင့်။





အမျိုးယုတ်သူ အဆင်းလှက ဇာဂသန်တတ်သည်။ တန်ခိုးနုပ်သူ ထမင်းဝက မာနထန်တတ်သည်။

၈။ အဟုတ်အမှန်ကိုလည်း သိမှ၊ အလုပ်အကြံဆိုလည်း ရှိမှ။

အဟုတ်အမှန်ကိုသိက သံသရာဝေးပ၍ အနေကျယ် မည်။ အလုပ်အကြံရှိမှ ဆန်ရှာရေးလှ၍ အခြေထည်မည်။

၉။ သူဌေးလိုကြွယ်သော်လည်း မာန်စွယ်မထနှင့်၊ မြွေပွေးကို ယယ်သော်လည်း အလမ္ပာယ်မပြုနှင့်။

သူဌေးလိုကြွယ်သော်လည်း မာန်စွယ်ထက အရှိအသေ နည်း၍ ပြည်မုန်းတတ်သည်။ မြွေပွေးကို ယယ်သည်ဟု အလမ္ပာယ်ပြုက ထိုမြွေခဲ၍ သေဆုံးတတ်သည်။

၁၀။ မတော်ဘဲမဝယ်နှင့်၊ မခေါ်ဘဲမလည်နှင့်။

မတော်ဘဲဝယ်ပါက အသပြာဓနဆုံးရှုံးတတ်သည်။ မခေါ်ဘဲ လည်ပါက မကြာခဏ မုန်းတတ်သည်။

၁၁။ မတော်သည်ကို မမြည်းမစားနှင့်၊ အဖော်မပါလျှင် ခရီး မသွားနှင့်။

မတော်သည်ကို မြည်းစားက ဘေးရ၍ ရောဂါပွားတတ် သည်။ အဖော်မပါဘဲ ခရီးသွားက အနေမလှသမို့ သောကများတတ်သည်။

၁၂။ ခရီးကိုလည်း အပြင်းမသွားနှင့်၊ မီးကိုလည်း အကြွင်း မထားနှင့်။



www.burmeseclassic.com

www.burmeseclassic.com



ခရီးကို အမြင်းသွားက မှားတတ်သည်။ မီးကို အကြွင်းထားက မှားတတ်သည်။

၁၃။ ဆရာပြောသမျှကို အပြီးမမှားလေနှင့်၊ အနာရောဂါမကြီးမွားစေနှင့်။

ဆရာပြောသမျှကို အပြီးမှားလေက မုချမှောက်တတ်သည်။ အနာရောဂါကို ကြီးမွားစေက ဒုက္ခရောက်တတ်သည်။

၁၄။ စကား၊ စကား ပြောဖန်များ စကားထဲက ဓာတ်ပြ၍ မာနတက်ခွန့်ထူတတ်သည်။

၁၅။ တရား၊ တရား ဟောဖန်များက တရားထဲက ပါဠိရ၍ ဒါနအလှူန်လှူတတ်သည်။

၁၆။ အမျိုးမြတ်မှ အရိုးကျန်ရာသည်၊ တန်ခိုးလျှပ်မှ အဖိုးတန်ပါသည်။





## အသုံးများသော စကားပုံများ

အောက်ဖော်ပြပါ စကားပုံများသည် နေ့စဉ်သုံး ထင်ရှားသည့် စကားပုံများဖြစ်ပါသည်။ အတန်းတင်စာမေးပွဲများနှင့် လူရည်ချွန်စာမေးပွဲများတွင် မေးလေ့မေးထရှိသည့် စကားပုံအချို့ကို သီးခြားဖော်ပြပေးထားပါသည်။

၁။ ခေါင်းတုံးပေါ်ထိပ်ကွက်

၂။ ကာလိမ်စေ့ငြမ်းဆင်

၃။ ကုလားမနိုင် ရခိုင်မဲ

၄။ ကုသိုလ်ကံပေး မရသေး နှောင့်နှေးဗျာပါမရှိရာ

၅။ ကံဆိုးမသွားရာ မိုးလိုက်၍ရွာ

၆။ ကံရှိမှထင်ပေါ်သည် ဉာဏ်ရှိမှမြော်မြင်သည်

၇။ ကုန်ရှုံးလျှင်တစ်ခေါက်၊ လင်ကုန်ရှုံးလျှင် တစ်သက်လုံးမှောက်

၈။ ကိုယ့်ဂုဏ်ကိုယ်ဖော် မသူတော်ခနစ်ပါး



www.burmeseclassic.com

www.burmeseclassic.com



၉။ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီး
၁၀။ ကိုယ့်ငါးချဉ် ကိုယ်ချဉ်
၁၁။ ကိုယ့်စေတနာ ကိုယ့်အကျိုးပေး
၁၂။ ကိုယ့်တပ် ကိုယ်နင်း
၁၃။ ကိုယ့်ထက်သာ မနာလို
၁၄။ ကိုယ့်ပေါင် ကိုယ်လှန်ထောင်း
၁၅။ ကိုယ်မျက်ချေးတော့ ကိုယ်မမြင် သူများမျက်ချေးတော့ မြင်
၁၆။ ကိုယ့်အတတ်နှင့် ကိုယ့်ပြန်စူး
၁၇။ ကျားကိုက်၍သေပါသည်ဆို နာတာရှည်လားဟုမေး
၁၈။ ကျားကြောက်၍ ရှင်ကြီးကိုး၊ ရှင်ကြီးကျားထက်ဆိုး
၁၉။ ကျားရဲရာ ကြမ္မာမရှိသော
၂၀။ ကျားသနားမှ နွားချမ်းသာ
၂၁။ ကျားလည်းကြောက်ရ၊ ကျားချေးလည်းကြောက်ရ
၂၂။ ကျီးကို ဘုတ်ရှိသေ၊ ဘုတ်ကို ကျီးရှိသေ
၂၃။ ကျီးကန်းကိုသူကောင်းမြှောက်၊ ချေးခြောက်ကောက် စား
၂၄။ ကျီးလန့်စာစား
၂၅။ ကျောချမှ ဓားပြမှန်းသိ





၂၆။ ကျော်တော့လှေသူကြီး ညားတော့လှေထိုးသား
၂၇။ ကြာကြာဝါးမှ ခါးမှန်းသိ
၂၈။ ကြံကြောက် လှည်းအောက်မအိပ်နှင့်
၂၉။ ကြီးနိုင်ငယ်ညှဉ်း
၃၀။ ကြီးလျှင်ချီ ငယ်လျှင်မှီ
၃၁။ ကြက်တူရွေးက တော်တော် မယ်တော်ကကဲ
၃၂။ ကြက်မတွန်လို့ မိုးမလင်း၊ ကြက်ဖတွန်မှ မိုးလင်း
၃၃။ ကြက်များလို ချေးကျရာပျော်သည်
၃၄။ ကြောက်တတ်လျှင် ဝန်တင်း
၃၅။ ကြောက်လျှင်လွဲ ရဲမင်းဖြစ်
၃၆။ ကျွန်ယုံ တစ်ဖက်ကန်း၊ သားသမီးယုံ စုံလုံးကန်း
၃၇။ ကျွမ်းကျင်ရာ လိမ္မာ
၃၈။ ကျေးတို့ကျေးလှည့် ခွေးတို့ခွေးလှည့်
၃၉။ ကြွေးတင် ကျွန်ဖြစ်
၄၀။ ကြိုက်မရှက် ငိုက်မရှက် ငတ်မရှက်
၄၁။ ခရုမှာလည်း အဆံနှင့် လူမှာလည်း အကြံနှင့်
၄၂။ ခရမ်းသီးပိန် ဓားတုံး
၄၃။ ခမှန်ဖူးသည့်စာသူငယ်လို
၄၄။ ခိုးစားခွေးဟောင် လုပ်စားမိုးခေါင်



www.burmeseclassic.com

www.burmeseclassic.com



၄၅။ ချီးမွှမ်းခုနစ်ရက် ကဲ့ရဲ့ခုနစ်ရက်
၄၆။ ချေးယိုခါနီးမှာမှ ချေးတွင်းပေါက်ရှာ
၄၇။ ချော်လဲ ရောထိုင်
၄၈။ ချစ်စကို ရှည်စေ၊ မုန်းစကို တိုစေ
၄၉။ ချစ်လုံးလုံး မုန်းချောလျား
၅၀။ ချစ်လျှင်အကျိုး မြတ်နိုးတော့သဒ္ဒါ
၅၁။ ခွေးကြီးမှ လက်ပေးသင်
၅၂။ ခွေးကျိုးနှင့်ယုန်လိုက် စားချင်မှန်းလူသိ
၅၃။ ခွေးလေးအရောဝင် ပါးလျက် နားလျက်
၅၄။ ကျောင်းသေ ငွေပေါ်
၅၅။ ဂရုပန်းကို ရွှေပန်းမှတ်လို့ပန်
၅၆။ ငါ့မြင်းငါစိုင်း စစ်ကိုင်းရောက်ရောက်
၅၇။ ငါ့လှေငါထိုး ပဲခူးရောက်ရောက်
၅၈။ ငါ့စကား ငါနွားရ
၅၉။ ငါးမျှတစ်လှည့် ဗိုလ်လုံတစ်လှည့်
၆၀။ ငါးသိုင်းများတော့ ဟင်းဟုန်
၆၁။ ငိုချင်လျက် လက်တို့
၆၂။ ငိုတတ်သောကလေး နို့စို့ရ
၆၃။ ငုပ်မိသဲတိုင် တက်နိုင်ဖျားရောက်





၆၄။ ငယ်ကချစ် အနှစ်တစ်ရာ မမေ့သာ
၆၅။ ငယ်ကပေါင်းတော့ အနှစ်တစ်သောင်း မမေ့စကောင်း
၆၆။ ငွေကုန်သံပြာ
၆၇။ ငွေများလျှင် ငွေနှင့်လိုက် လှေမျောလျှင် လှေနှင့်လိုက်
၆၈။ ငှက်မသိတော့ ဆက်ရက်ဘုံးထင် အချက်မသိတော့ သမက် သူခိုးထင်
၆၉။ စကားကို တောင်လိုမမောက်နှင့်၊ ဘဲတားအို မှောင်ခို မလျှော့ာက်နှင့်
၇၀။ စလယ်ဝင် ဖင်မမည်းခင်ကကွဲ
၇၁။ စာသင်ကြာသပတေး စာရေးသောကြာ
၇၂။ စားစရာမရှိ လျှော်စရာရှိရမည်
၇၃။ စားရမှာကလည်း သဲနှင့်ရှပ်ရှပ် ပစ်ရမှာကလည်း အဆီနှင့်ဝင်းဝင်း
၇၄။ စီးသောရေ ဆည်သည့်ကန်သင်း
၇၅။ စုဋ္ဌလိပ် ရေထဲလွှတ်သလို
၇၆။ စေသည့်ကျွန် ထွန်သည့်နွား
၇၇။ စေ့စေ့တွေး ရေးရေးပေါ်
၇၈။ စောင်ဖြူစောင်ကြား ခြံရှုမလုံ မေတ္တာခြံမှလုံသည်
၇၉။ စစ်မရောက်ခင် မြားကုန်



www.burmeseclassic.com

www.burmeseclassic.com



၈၀။ စစ်ရောက်မှ မြားချွန်

၈၁။ စိတ်ထောင်းတော့ ကိုယ်ကြေ

၈၂။ စိတ်မဆိုးဘူး ကျွဲမြီးတို့သည်

၈၃။ စိတ်သာရှင်စော ဘုရားပေါ

၈၄။ ဆရာကာပြမ့် တပည့်အာလွှဲ့ရူး

၈၅။ ဆရာထက် တပည့်လက်စောင်းထက်

၈၆။ ဆရာများ သားသေ

၈၇။ ဆူးကြားသီးသောဘူးလို

၈၈။ ဆူးပေါ်ဖက်ကျ ဖက်ပေါက် ဖက်ပေါ်ဆူးကျ ဖက်ပေါက်

၈၉။ ဆေးလည်း အစာ အစာလည်း ဆေး

၉၀။ ဆံတစ်ပင်တင်း ချစ်ခြင်းမယား

၉၁။ ဆင်ကျိုစားရာ ဆိတ်မခံသာ

၉၂။ ဆင်ခေါင်း ခွေးမချီနိုင်

၉၃။ ဆင်ပိန်ကျွဲလောက်

၉၄။ ဆင်သေကို ဆိတ်ရေနှင့်ဖုံးလို့မရ

၉၅။ ဆင်သတ်၍ အရပ်ဝေ

၉၆။ ဆင်အိပ်ရာ ဆိတ်နိုး

၉၇။ ဆင့်ပါးစပ် နှမ်းပက်





၉၈။ ဆင်းရဲတစ်ခါ ချမ်းသာတစ်လည့်

၉၉။ ဆင်းရဲလေလေ သံဝေဂရလေလေ

၁၀၀။ ဆန်မရှိ အစားကြီး

၁၀၁။ ဆွမ်းခံရင်း ငှက်သင့်

၁၀၂။ ဆွမ်းတော်ထားလို့ ဝမ်းတော်မှအနိုင်နိုင်

၁၀၃။ ဇာတိပုည ဂုဏ်မာန

၁၀၄။ ဇာတ်တူသား မစားကောင်း

၁၀၅။ ဈေးသိုးလည်းမလွှယ်နှင့်၊ ရှေးတုံးလည်းမပယ်နှင့်

၁၀၆။ ညှောင်ဦးကမ်းပြို စမ္မာနဂိုက နွားမပေါင်ကျိုး

၁၀၇။ ညဥ့်အခါ မလာနှင့် ငါ့အပူလည်း မရှာနှင့်

၁၀၈။ တပည့်ညာ ရင်နာ

၁၀၉။ တပည့်မကောင်း ဆရာ့ခေါင်

၁၁၀။ တပည့်ရှာ ဆရာတွေ့

၁၁၁။ တပည့်လိမ္မာ ဆရာအာပတ်လွတ်

၁၁၂။ တောမီးလောင် တောကြောင်လက်ခမောင်းခတ်

၁၁၃။ တောသားရဲ့ ဆွဲထုတ်

၁၁၄။ တောင်ငူကလည်း တောင်ငူ မောင်းထောင်လည်း မောင်းထောင်

၁၁၅။ တောင်ထိပ်ကြာပေါက် အံနောက်နေထွက်



www.burmeseclassic.com

www.burmeseclassic.com



၁၁၆။ ခေါင်းလဲရာ မြက်ပြတ်

၁၁၇။ တောင်ဝှေးလဲတော့ ဖိုးသူတော်ထူနိုင်သည် ဖိုးသူတော် လဲတော့ တောင်ဝှေးမထူနိုင်

၁၁၈။ တစ်ကောင်ကြွက် တစ်မျက်နှာ

၁၁၉။ တစ်ကျမ်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်း

၁၂၀။ တစ်ခါလာလည်း မပြာပုဒ်ဆိုး

၁၂၁။ တစ်ချက်ခုတ် နှစ်ချက်ပြတ်

၁၂၂။ တစ်ချိုးကွယ် တစ်မယ်မေ့ တွေ့လျှင်သေအောင်လွမ်း

၁၂၃။ တစ်စိတ် တစ်အိတ်လုပ်လို့

၁၂၄။ တစ်နေ့ငွေ တစ်နေ့ရွှေ

၁၂၅။ တစ်ပင်လဲမှ တစ်ပင်ထူ

၁၂၆။ တစ်ရေးနိုးတော့ အကြံပေါ်

၁၂၇။ တစ်သားမွေး တစ်သွေးလှု

၁၂၈။ တစ်သက်လုံးဖုံးသမျှ ကုန်းတော့မှပေါ်

၁၂၉။ တစ်သက်လုံးမွေးထားသည့် တစ်မနက်နဲ့ရိုက်သတ်စား

၁၃၀။ တိတ်တိတ်နေ ထောင်တန်

၁၃၁။ တန်ဆေး လွန်ဘေး

၁၃၂။ တွက်ရေးတော့ စက်သူဌေး တွက်ကြည့်တော့ စက်မရှိ



BURMESE CLASSIC



၁၃၃။ ထမင်းကြမ်း ယပ်ခတ်စားပြီး အေးအေးနေမည်

၁၃၄။ ထမင်းစားကျွန်ခံ

၁၃၅။ ထုသော့ဥသျှစ်လည်းကွဲ ခံသော့ဥသျှစ်လည်းကွဲ

၁၃၆။ ထိုးမည့်ဆင် နောက်တစ်လှမ်းဆုတ်

၁၃၇။ ထင်ပေါ်လျှင် စင်တော်ကကောက်

၁၃၈။ ထောင်တန်သည့်စကား ရယ်ပေါ့

၁၃၉။ ထောင်မြင် ရာစွန့်

၁၄၀။ ထိုင်နေအကောင်းသား ထသွားမှကျိုးမှန်းသိ

၁၄၁။ ထန်းရည်သမား အမူးပြေတော့ ထန်းပင်မော့ကြည့်

၁၄၂။ ထန်းသမားစားဖို့ ထန်းနို့က သိုကျပေးရသည်

၁၄၃။ ထမ်းပိုးထက် လက်ခကြီး

၁၄၄။ ထွက်ပြီးဆင်စွယ် ဝင်သည်မရှိ

၁၄၅။ ဒူးလောက်တင်မှ ရင်လောက်ကျ

၁၄၆။ ဓားနှင့်အားနှင့် လဲသလို

၁၄၇။ ဓားရိုး သူခိုးကမ်း

၁၄၈။ နဖူးစာရွာလည်

၁၄၉။ နီးတကျက်ကျက် ဝေးတသက်သက်

၁၅၀။ နွားရာဝဲ့ လဲရာသူခိုးထောင်း

၁၅၁။ နေတော့တစ်ထိုင် သွားတော့ဝစ်တိုင်



www.burmeseclassic.com

www.burmeseclassic.com



၁၅၁။ နေနှင့်လ ရွှေနှင့်မြေ

၁၅၂။ နေမြင့်လေ အရှုးရင့်လေ

၁၅၃။ နေ့ပြောနောက်ကြည့် ညဥ့်ပြောအောက်ကြည့်

၁၅၄။ နေ့မြင် ညဥ့်ပျောက်

၁၅၆။ နောင်ခါလာ နောင်ခါဈေး

၁၅၇။ နောင်တာ နောင်တ နောင်မှရ

၁၅၈။ နည်းနည်းနှင့်ကျဲကျဲစိုင်း

၁၅၉။ နည်းရောင်း များရောင်း တောင်းမြည့်

၁၆၀။ နတ်ရှူး ပုံနှင့်မြှောက်

၁၆၁။ နွားကွဲ ကျားကိုက်

၁၆၂။ နွားပျိုသန်လှ နွားအိုပေါင်ကျိုး

၁၆၃။ နွားရှေ့ထွန်ကျူး

၁၆၄။ နှမလင်နေ မောင်ဖင်ကျိန်း

၁၆၅။ နှုတ်ကြောင့်သေ လက်ကြောင့်ကြေ

၁၆၆။ နှုတ်ခမ်းပွဲချင်း မီးမှုတ်

၁၆၇။ နှုတ်ချိုသျှိုတစ်ပါး

၁၆၈။ နှမ်းတစ်စေ့နှင့်ဆီမဖြစ်

၁၆၉။ ပညာကား ရှေ့ ဥစ္စာက နောက်

၁၇၀။ ပညာမရှိ သူ၏ဝန်ထမ်း





၁၇၁။ ပညာရှိရင့် ပွဲလယ်တင့်

၁၇၂။ ပညာရှိ သတိဖြစ်ခဲ

၁၇၃။ ပညာရှိအမျက် အပြင်မထွက်

၁၇၄။ ပညာရွှေအိုး လူမခိုး

၁၇၅။ ပလိုင်းပေါက်နှင့်ဖားကောက်

၁၇၆။ ပါးကိုက်၍ နားကိုက်သည်

၁၇၇။ ပေါ့စေလို၍ကြောင်ရုပ်ထိုး ဆေးအတွက်ပိုလေး

၁၇၈။ ပေတစ်သီး ကျီးတစ်သား

၁၇၉။ ပေတစ်ပင်လုံး ဘုန်းကြီးယပ်တောင်

၁၈၀။ ပို့မည့်ပို့ ကျားတို့အထိပို့

၁၈၁။ ပေါက်သည့်နဖူး မထူး

၁၈၂။ ပန်းထိမ်မတာတ်ခင် ရွှေခိုးသင်

၁၈၃။ ပန်းသတင်း လေညင်းဆောင် လူသတင်း
လူချင်းဆောင်

၁၈၄။ ပုစ်လို့ပေါ် ဟုတ်လို့ကျော်

၁၈၅။ များရည်တစ်စက်ကြောင့် ပြည်ပျက်ရသည်

၁၈၆။ ပျော့လျှင်ဖယောင်း မာလျှင်သံချောင်း

၁၈၇။ ပျော်ပျော်နေ သေခဲ

၁၈၈။ ပျော်ရာမှာ မနေရ တော်ရာမှာ နေရ



www.burmeseclassic.com

www.burmeseclassic.com



၁၈၉။ ပျောက်သောသူရှာလျှင်တွေ့ သေသောသူကြာလျှင်မေ့

၁၉၀။ ပြဒါးတစ်လမ်း သံတစ်လမ်း

၁၉၁။ ပြောတော့မိုး ထိုးတော့မြေကြီး

၁၉၂။ ပြောပါများ မယားစကားအောင်

၁၉၃။ ပြောမယုံ ကြုံမှသိ

၁၉၄။ ပွဲပြီး မီးသေ

၁၉၅။ ပွဲမဝင်ခင် အပြင်ကကျင်းပ

၁၉၆။ ပွဲသွားကြော့ကြော့ ပွဲပြန်မော့မော့

၁၉၇။ ဖားတူ ခရုခုန် အိုင်ပျက်ရုံသာ

၁၉၈။ ဖိုးသူတော် မျက်စိလည်လေ ဆန်ရလေ

၁၉၉။ ဖွတ်လေသည့်ငါးပိ ရှိသည်ဟု မအောက်မေ့

၂၀၀။ ဖြစ်ဖြန့်ပျက်ဖြန့် လောကဓံ

၂၀၁။ ဖြစ်မည့်ခွေး အမွေးတခြား

၂၀၂။ ဖြစ်သမျှအကြောင်း အကောင်းချည်းပဲ

၂၀၃။ ဖွတ်ကျောပြာစု ခရုအဆံကျွတ်

၂၀၄။ ဖွတ်မရ ဓားမဆုံး

၂၀၅။ ဖွတ် မိကျောင်းဖြစ် မြစ် မချမ်းသာ

၂၀၆။ ဖွပ်သည့်ထက် ညစ်

၂၀၇။ ဘူးကောင်းတော့ စင်ခံ လင်ကောင်းတော့ စံ





၂၀၈။ ဘူးဆို ဖရုံမသိ

၂၀၉။ ဘူးတောင်းနစ်လို့ ဆောင်ခြမ်းပေါ်

၂၁၀။ ဘူးသီးမှအရိုးတော်

၂၁၁။ ဘူးလုံး နားမထွင်း

၂၁၂။ ဘူးလေးရာ ဖရုံဆင့်

၂၁၃။ ဗောင်းတော်ငြိမ့် စိတ်တော်သိ

၂၁၄။ ဘမျိုးဘိုးတူ ချိုနှင့်

၂၁၅။ ဘုရားပင်လျှင် အမှီရှိမှပွင့်၏

၂၁၆။ ဘုရားပြီး ငြမ်းဖျက်

၂၁၇။ ဘုရားဖက်တော့ အသက်ရှည် ဟရားဖက်တော့ အမျက်ပြေ

၂၁၈။ ဘူးတစ်လုံးဆောင် အိုအောင် မဆင်းရဲ

၂၁၉။ ဘုန်းကြီးစာချ မိကျောင်းမင်းရကောင်းပြ

၂၂၀။ ဘုန်းကြီးလူထွက် ပေါ့ပျက်ပျက်

၂၂၁။ ဘုန်းကြီးအမှု ရွာဝတ်

၂၂၂။ ဘယ်သူမပြု မိမိမှု

၂၂၃။ ဘယ်သူသေသေ ငတေမာပြီးရော

၂၂၄။ မကောင်းသူပယ် ကောင်းသူကယ်

၂၂၅။ မခေါ်ချင်သာ နေ၍ရသည်၊ မတော်ချင်၍ မရ



www.burmeseclassic.com

www.burmeseclassic.com



၂၂၆။ မချစ်သော်လည်း အောင့်ကာနမ်း၊ မနမ်းသော်လည်း ပင့်သက်ရှူ

၂၂၇။ မစွမ်းရင်းကလည်းရှိ ကန်စွန်းခင်းကလည်းငြိ

၂၂၈။ မ,တစ်ထောင် တစ်ကောင်ဖွား

၂၂၉။ မပြေးသော်လည်း ကန်ရာရှိ

၂၃၀။ မပြောမပြီး မတီးမမြည်

၂၃၁။ မယားထိတော့ ဓားကြည့်

၂၃၂။ မရသာတော့ ဘနဖူးသိုက်တူး

၂၃၃။ မရှိခိုးနိုး မလှစုန်းယိုး

၂၃၄။ မရှိတောင့်တ ရှိကြောင့်ကြ

၂၃၅။ မလိမ္မာတစ်ခါတော့ မိုက်စမြဲ

၂၃၆။ မလျှော့မတင်း စောင်းကြိုးညှင်း

၂၃၇။ မသိလျှင်မေး မစင်လျှင်ဆေး

၂၃၈။ မအိပ်မနေ အသက်ရှည်

၂၃၉။ မီးစတစ်ဖက် ရေမှုတ်တစ်ဖက်

၂၄၀။ မီးလောင်ရာ လေပင့်

၂၄၁။ မိုးစနေ လေရာဟု

၂၄၂။ မိုးတောင်က မွေးပေါင်က

၂၄၃။ မိုးလွန်မှ ထွန်ချ





၂၄၄။ မင်းဘဏ္ဍာ ကိုယ့်ဟာမှတ်လို့

၂၄၅။ မောင်ကောင်းစားတော့ နှမမီးဖိုချောင်၊ နှမကောင်းစားတော့ မောင်အိမ်ဦးခန်း

၂၄၆။ မောင်မောင်ဆိုလေ ထီးရိုးရှည်

၂၄၇။ မိန်းမဣန္ဒြေ ရွှေပေး၍မရ

၂၄၈။ မျက်ကန်းတစ္ဆေမကြောက်

၂၄၉။ မျက်စိအကျင့် ဝမ်းအချင့်

၂၅၀။ မျက်နှာသာပေး ရွှေရေးပန်းကန်ဝက်

၂၅၁။ မြေနိမ့်ရာ လှံစိုက်

၂၅၂။ မြင်းက မလှုပ် ခုံက လှုပ်

၂၅၃။ မြင်းကောင်းခွာလိပ်

၂၅၄။ မြွေမြွေချင်း ခြေမြင်

၂၅၅။ ယာလည်း ညက်စေ ကြက်လည်း ယန်းစေ

၂၅၆။ ယောက်ျားကောင်း မောင်းမတစ်ထောင်

၂၅၇။ ယောက်ျားတခွန် လူရည်ချွန်က ကောင်းကင်တမွတ် ကြွယ်ကိုဆွတ်လည်း မလွတ်စကာမ်းရမြဲလမ်းတည်း

၂၅၈။ ယုန်ထောင် ကြောင်မိ

၂၅၉။ ရတနာရှိရာ ရတနာလာ

၂၆၀။ ရေငတ်တုန်း ရေတွင်းထဲကျ



www.burmeseclassic.com